www.burmeseclassic.com

# ဒတ္တကျေတွ

သူယောင်မယ်လေး မြစိမ်းနွယ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

Street culture production
presents

S C P

45 (ground fl), Kyaukmyaung Zayy Lane,

Tamwe Tsp, Ygn

0973053703

# ဒတ္ထကျော်စွာ

သူယောင်မယ်လေး မြစိမ်းနွယ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

BURMESE CLASSIC .com

အကယ်၍သာ ကံထူးတစ်ယောက် သစ်ခွပန်းတွေရချင်ဇောဖြင့် လောဘတွေကြီးပြီး အဖော်အပေါင်းတွေနှင့် လမ်းခွဲပြီး တစ်ယောက်တည်း ဖွတ်မထွက်လာခဲ့ဘူးဆိုလျှင် ဤသို့သော အဖြစ်အပျက်မျိုးနှင့် ကြုံဆုံရလိမ့်မည်မဟုတ်ပေ။

ယခုတော့ သူမှာ တောနက်နက်အလယ်၌ တစ်ယောက်တည်း လမ်းပျောက်နေရတဲ့အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



လာတုန်းကတော့ အဖော်တစ်တစ်စုနှင့် သူ့ထက်ငါသစ်ခွပန်းတွေ အပြိုင်အဆိုင်ရှာဖွေရင်း ဝန်းကျင်ကို သတိမမူမိပဲ လျှောက်လာမိခဲ့သည်။ လာနေသွားနေကျမို့လည်း ဂရုတစိုက် မှတ်မှတ်သားသား မကြည့်ဘဲ လာခဲ့ခြင်းဖြစ်သည်။

နောက်တော့ သစ်ခွပန်းတွေ ရှာရင်း ရှားရင်းနဲ့ လောဘတွေ တက်လာကာ တစ်ယောက်တည်း တသီးတသန့် လမ်းခွဲထွက်လာရာမှ ယခုကဲ့သို့ မျက်စိလည်လမ်းမှားနေရခြင်းဖြစ်တော့သည်။

ခုတော့ သူနောင်တရချင်လာပြီ။ ထွက်လမ်းကို ရှာတာလည်း မတွေ့။ အဖော်တွေကို တကြော်ကြော်အော်ခေါ်နေတာလဲ ရှန်းတုံ့ပြန်သံမကြားရ။ ကြာတော့ သူစိတ်ဓာတ်ကျချင်လာပြီ။ စိတ်ပျက်လက်ပျက်ဖြင့် အားပြတ်ခွေယိုင်ပင်ဖြစ်ချင်လာပြီ။

တော်တော်ကလေးလဲ မောပိုက်ပင်ပန်းနေပြီ။ တောနက်ထဲ တဝဲလည်လည်ဖြင့် လမ်းပျောက်နေရသည့်အဖြစ်ကြောင့် အားငယ်ဝမ်းနည်းစိတ်၊ ကြောက်ရွံ့တုန်လှုပ်စိတ်တို့က သူ့ရင်ထဲတိုးဝင်စို့ကပ်လာကာ အကြီးအကျယ် ခြောက်ခြားတုန်လှုပ်နေမိတော့သည်။



ကံထူးသည် တောတွင်း၌ ဟိုဟိုဒီဒီလှည့်လည်၍ ထွက်လမ်းကို ရှာဖွေရာ မတွေ့သဖြင့် ချွေးပြန်မောဟိုက်၍ နေတော့သည်။ ထိုသို့ လှည့်လည်သွားလာနေတုန်း တစ်နေရာအရောက်၌ သူနားထဲ၌ အသံတစ်ခုကို တိုးညှင်းစွာ ကြားလိုက်ရသည်။

အသံက အဝေးတစ်နေရာက လာနေခြင်းဖြစ်၏။ ရယ်သံလိုလို၊ တစ်ခုခုကို လေတိုးပြီးလှုပ်ခတ်သည့် ဆည်းလည်းသံလိုလို အသံလေးကြောင့် သူ့စိတ်ထဲ အံ့သြထူးဆန်းကာ ထိတ်ခနဲဝမ်းသာသွားမိရ၏။

ဒါဟာ လူတွေရယ်တဲ့အသံတွေလား။ တီးတိုးပြောနေကြတဲ့ စကားတွေလား။

ဘာပဲဖြစ်ဖြစ် သူနည်းနည်းတော့ အားတက်သွားမိသည်။ ရေနစ်သူအဖို့ မြက်တစ်ပင်သည် အားကိုးရာဖြစ်သလို တောထဲမှာ ကူကယ်ရာမဲ့ နေရသည့်သူ့အဖို့ ယခုကြားနေရသည့် အသံလေးသည် အားကိုးဖွယ်ရာဟု မျှော်လင့်မိသည်။

အသံလာရာနောက်သို့ မျှော်လင့်တကြီးဖြင့် သူလျှောက်လာခဲ့၏။ အသံသည် တဖြည်းဖြည်းနီးနီးလာလိုက်၊ ဝေးဝေးသွားလိုက်၊

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကြားရတစ်ချက်၊ မကြားရတစ်ချက်ဖြစ်နေသည်။

သူကတော့ စိတ်မပျက်အားမလျှော့ပေ။ အသံလာရာကို စိတ်မှန်းဖြင့် ခန့်မှန်းပြီး ဆက်လျှောက်လာခဲ့၏။ တစ်နေရာရာမှာတော့ အသံထွက်ပေါ်ရာကို တွေ့ရမည်ဟု မျှော်လင့်ချက်ကြောင့် သူ၏အားငယ်ကြောက်ရွံ့စိတ်တို့ တဖြည်းဖြည်းမေးမှိန်ပျောက်ကွယ်ကာ သွားရလေပြီ။

BURMESE CLASSIC .com

လျှောက်လာရင်းဖြင့် ချောက်ကမ်းပါးယံတစ်ခုနားသို့ ရောက်ရှိလာခဲ့လေ၏။

ထိုအခိုက် နီးနီးကပ်ကပ်ကြားနေရပြီဖြစ်သော အသံမှာလည်း ရုတ်တရက်ဆိုသလို တိကနဲရပ်တန့်သွားကာ လုံးဝထွက်ပေါ်လာခြင်း မရှိတော့။ သူလည်း ဇဝေဇဝါဖြင့် ထိုနေရာ၌ ယောင်ချာချာဖြစ်နေတော့သည်။

ထပ်မံမှန်းဆ၍ မရတော့လောက်အောင် အသံသည်လုံးဝ တိတ်ဆိတ်ပျောက်ကွယ်သွားပြီဖြစ်၏။



စိတ်ပျက်လက်ပျက်ဖြစ်နေတုန်းမှာပင် ထူးဆန်းအံ့သြဖွယ်ရာကောင်းသည့်အရာတစ်ခုကို အမှတ်မထင် သူမြင်တွေ့သွားခဲ့သည်။

ထိုအရာမှာ ခပ်လှမ်းလှမ်း သစ်ပင်အောက်တွင် လွင့်ကျနေသော တစ်တောင်ခန့်ရှိ သစ်မြစ်လိုလို၊ သစ်သီးလိုလို အရာလေးပင်ဖြစ်သည်။

စိတ်ဝင်စားလွန်း၍ ထိုအရာလေးကို ကောက်ယူကြည့်လိုက်မိသည်။ ရွံ့ဗွက်တွေနှင့် တစ်ခုလုံးပေရေနေသဖြင့် ထိုအရာမှာ ဘာမှန်းအသေအချာမှန်းဆ၍ မရပေ။

စိတ်ရှုပ်ရှုပ်ဖြင့်ပင် ထိုအရာလေးကို ကွယ်ထားသော ပလိုင်းထဲ ထည့်ထားလိုက်မိသည်။

လှသံတွေ ရယ်မောသံတွေလို့ထင်ရသည့် အသံများမှာလည်း လုံးဝထွက်ပေါ်လာခြင်းမရှိပဲ တိတ်ဆိတ်ငြိမ်သက်နေ၏။ သူမျှော်လင့်တကြီးဖြင့် လျှောက်လာမိခဲ့သမျှ ခုတော့သူ့မျှော်လင့်ချက်တို့ ပြိုပျက်ပျောက်ကွယ်ရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဆီကို ရှေ့ဆက်ရမည်မှန်းမသိဘဲ ယောင်ချာချာဖြစ်နေသဖြင့် တွေ့ရာလမ်းကို ဖွတ်တိုးဝင်ခဲ့မိသည်။

ထိုသို့ဝင်လာခဲ့မိခြင်းက သူ့အတွက်ကံကောင်းမှုတစ်ရပ်ကို ကြုံဆုံစေခဲ့ပါ၏။

ဝေးကနဲ ဟေးကနဲ ဟစ်အော်လိုက်ကြသည့်အသံများကို သူကြားလိုက်ရသည်။

ဒါဟာ သူ့ကိုအချက်ပေး ခေါ်နေကြသည့် အဖော်များ၏ အသံပေါ့။ ထိတ်ခနဲဝမ်းသာသွားကာ သူပြန်လည်အချက်ပေးအော်လိုက်၏။

"ဟေး ဟေး ငါ ဒီဘက်မှာ"

"တို့တွေ ဒီဘက်မှာဟေ့ လျှောက်လာခဲ့ လျှောက်လာခဲ့"

အသံလာရာဆီသို့ ဦးတည်၍သူလျှောက်လာခဲ့၏။ ကံကောင်းထောက်မစွာပင် သူ့အဖော်များနှင့် ပြန်တွေ့လိုက်ရတော့သည်။

"ကံကောင်းလို့ပေါ့ ကံထူးရယ် မင်းပျောက်သွားပြီဆိုလို့ ငါတို့စိတ်ပူပြီး လိုက်ရှာနေကြတာ"



ငါလည်း တောထဲမှာ ယောက်ချာချာဖြစ်နေတာ တော်သေးတာပေါ့ မင်းတို့နဲ့ပြန်တွေ့လို့"

သက်ပြင်းမောကိုချရင်း ကံထူးပြောလိုက်မိသည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ကျုပ်ရဲ့အလုပ်က တောထဲကနေ ရှားရှားပါးပါးတွေ့ရတတ်တဲ့ သစ်ခွပန်းတွေကို မရမကလိုက်ရှာခူးလာ၊ ပြီးရင်မြို့မှာ တက်ရောင်း။ သစ်ခွပန်းရှာချိန်ဆို ဆေးဖက်ဝင်ရှားပါးတဲ့ သစ်မြစ်၊ သစ်ဥ၊ သစ်ဖုတွေ ရှာဖွေရတာပေါ့။ တခါတလေလဲ ပျားလေပွပ်လိုက်၊ ဝါးလေးခုတ်လိုက် ဝါးနဲ့ပတ်သက်တဲ့ ပစ္စည်းပစ္စယလေးတွေလုပ်ရောင်းလိုက်နဲ့ ဒီလိုပဲ ချိန်ခါရာသီအလိုက် အသက်မွေးမှုလုပ်ငန်းကို ပြောင်းလဲနေရတာပေါ့။

လူတွေကတော့ ပြောကြပါတယ်။



"နင့်လို တစ်ကောင်ကြွက်က မိသားစုအတွက် မပူမပင်ရပဲနဲ့ ဘာလို့ဒီလောက်ငွေတွေ အသည်းအသန်ရှာနေရတာလဲတဲ့။ မိန်းမယူမလို့ စုနေတာလား"တဲ့

လူတွေများခက်ပါတယ်။ ကျုပ်ဟာကျုပ်ပိုက်ဆံရှာတာ ဘာလုပ်လုပ်ပေါ့။ မိန်းမယူဖို့ပဲဖြစ်ဖြစ်။ ပိုက်ဆံတွေရည်ဖျော်သောက်ဖို့ပဲဖြစ်ဖြစ် ကျုပ်ဟာကျုပ် ဘာပဲလုပ်လုပ် သူတို့နဲ့ဘာဆိုင်လဲ အလကား စပ်စုချင်ကြတာ။

ပိုက်ဆံမရှိရင် တစ်ကောင်ကြွက်တစ်မျက်နှာဖြစ်တဲ့ ကျုပ်ဘဝကပိုပြီး မျက်နှာငယ်ရမှာ။ ကျုပ်ရဲ့ အနီးအနားမှာ ဆွေမျိုးညာသကတွေ တော့ရှိတာပေါ့။ ဒါပေမဲ့ သူတို့လဲပဲ သူလိုကိုယ်လို ကိုယ်ဟာကိုယ် ချာလပတ်ရမ်းနေတဲ့ ဘဝတွေ။ ဒါကြောင့် ကျုပ်ကဘယ်သူဆီကမှ လက်ဖြန့်မတောင်းဘူး။ ကျုပ်ဆယ်နှစ်သားလောက်ကတည်းက မိဘတွေ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြလို့ ကျုပ်ဘဝဟာ တစ်ကောင်ကြွက်ဖြစ်ခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီချိန်ကတည်းက ကျုပ်ဝမ်းစာရေးအတွက် ကျုပ်ဘာသာ ရှာခဲ့ရတာ။ ဘယ်ဆွေမျိုးညာတိကမှ တစ်ကျပ်တစ်ပြားမထောက်ပံ့ကြဖူးဘူး။

ဒါကြောင့် ကျုပ်ဟာကိုယ့်ဘဝရေးရေးအတွက် ကြိုးစားပြီး အလုပ်လုပ်တယ်။ ငွေစုတယ်။ ကျုပ်ရှာတဲ့ငွေဟာ ကျုပ်အတွက် ပြည့်စုံတဲ့အပြင် ပိုတောင်ပိုလျှံသေးတယ်လေ။ ဒါကြောင့် ကျုပ်မပူပင်ရဘူး။

"ဗျို့...ကိုကံထူး ဘာတွေလုပ်နေတာလဲ"

ကျုပ်အတွေးလွန်နေတုန်း ကျုပ်ညီဝမ်းကွဲရဲ့အသံကြားလို့ ဖြုန်းဆိုလန့်သွားမိတယ်။ စည်းနေတဲ့ သစ်ခွပန်းတွေတောင် ကျုပ်လက်က လွတ်ကျမလို ဖြစ်သွားသေးတယ်။

"ဪ...ဖိုးကောက်ပါလား...လာလေ"

အိမ်ရှေ့မှာ မျက်နှာသုန်သုန်မှုန်မှုန်နဲ့ ရပ်နေသူက ညီဝမ်းကွဲတော်စပ်သူ ဖိုးကောက်ပင်။ သူက စိတ်ခဏခဏကောက်တတ်လွန်း



လို့ သူ့အိမ်က သူ့ကိုဖိုးကောက်လို့ ချစ်စနိုးခေါ်ရာက သူ့နာမည်မှာ ဖိုးကောက်ဟု ရပ်သိရွာကျော်အမည်တွင်ခဲ့ရသည်။ နာမည်ရင်းက မောင်မင်းသူ။

"အစ်ကို...ဘာတွေလုပ်နေတာလဲ"

ဖိုးကောက်က မျက်နှာမသာမယာဖြင့် အိမ်ပေါ်တက်လာရင်း မေးတယ်။ ပြီးတော့ သစ်ခွပန်းများဖြင့် ဖြန့်ကြဲထားသော အိမ်ရှေ့ဝါးကြမ်းခင်းအလွတ်တွင် ဝင်ထိုင်ဟန်ပြုပြီးမှ မထိုင်တော့ပဲ အိမ်ပေါ်သို့တက်ကာ အိမ်ရှေ့ခန်းတွင် လှဲအိပ်လိုက်သည်။ သူ့ပုံစံက တစ်ခုခုကို စိတ်ဆိုးစိတ်ပျက်လာပုံပင်။

"သစ်ခွပန်းအမျိုးအစားတူတာလေးတွေ စုပြီးစည်းနေတာ။ ပြီးရင်မြို့မှာ သွားရောင်းရမယ်"

"အစ်ကိုဘဝက ငြိမ်းချမ်းလိုက်တာနော်။ ကိုယ်ဘာသာကိုယ် အလုပ်လုပ်ပြီး ပိုက်ဆံရှာ၊ ကိုယ်ဟာကိုယ် ချက်ပြုတ်စားသောက် ဆူမယ့်ပြောမယ့်သူလည်းမရှိဘူး ဘယ်လောက်ငြိမ်းချမ်းလိုက်သလဲ။ အစ်ကို့ကိုအားကျလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးကောက်က တဖက်စောင်းအိပ်ရင်း ဋေးနေရာမှ လေပူကြီး တချက်မှုတ်ကာ ပက်လက်လှန်လိုက်ပြီး နဖူးပေါ်လက်တင်၍ ခပ်ညည်းညည်းလေး ပြောလာတယ်။

"ဟုတ်တယ် အစ်ကိုရေ မနက်က ရေတွင်းကနေ ကျောက်စည်အပြည့်ခပ်ထည့်ပြီးတာတောင် ထင်းမခွဲသေးလို့ဆိုပြီး အမေပူညံပူညံလုပ်နေတာနဲ့ ကျွန်တော်လဲစိတ်ညစ်ပြီး အစ်ကိုဆီထွက်လာခဲ့တာ။ အမေတို့ကလည်း ခက်ပါတယ်ဗျာ။ ကျွန်တော်ခုတ်ပေးထားတဲ့ ထင်းတွေဟာ တစ်နွေ၊ တစ်မိုးလုံးသုံးမကုန်အောင် ရှိနေပါရက်နဲ့ မခုတ်ရသေးတဲ့ ထင်းတွေကိုပဲ မြင်တယ်။ မခုတ်သေးဘူးလား မခုတ်သေးဘူးလားနဲ့ တစ်ချိန်လုံး မေးနေတော့တာပဲ။ ကျွန်တော့်ကို အလုပ်နဲ့လက်မပြတ်အောင်ခိုင်းချင်နေလား မသိသေးဘူး။ စိတ်ညစ်တယ်ဗျာ"

ကျုပ်ပြုံးလိုက်မိတယ်။ ကျုပ်ညီအကြောင်း ကျုပ်ကောင်းကောင်းသိတာပေါ့။ ဒီကောင်က နည်းနည်းပျင်းချင်တယ်။ အငယ်ဆုံးမို့ သူ့အိမ်က အလိုလိုက်ထားတော့ အလုပ်ကိုလည်း လက်ကြောတင်း



အောင် လုပ်ချင်တဲ့သူမဟုတ်ဘူး။ သူက ငဆိုလေး။ အိမ်နဲ့စိတ်ကောက်တာနဲ့ ကျုပ်အိမ်ကို ပေါက်ချလာတော့တာပဲ။

"ကဲ…ကဲ စိတ်မညစ်နဲ့တော့။ မင်းထမင်းမစားရသေးဘူး မှတ်လား။ ဘဲဥချဉ်ရည်ဟင်းနဲ့ မျှစ်ပြုတ်ရှိတယ် သွားခူးခပ်စားချေ။

"ဟား ကျေးဇူးပဲအစ်ကို ဗိုက်ဆာနေတာနဲ့ အတော်ပဲ။ ဒါနဲ့ အစ်ကိုရောစားပြီးပြီလား ကျွန်တော်စားလိုက်လို့ အစ်ကိုငတ်နေဦးမယ်"

"ငါ့အတွက် မပူနဲ့ ငါဖြစ်သလိုစားလို့ရတယ်။ မင်းသာဝအောင်စားသွား ငါ့အတွက်မကျန်လဲ ကိစ္စမရှိဘူး"

"ဒါဆိုလဲ ပြီးရော…အဲလိုသဘောကောင်းမှုတွေကြောင့် ကျွန်တော်က အစ်ကို့ကို ချစ်နေရတာ ဟဲဟဲ"

ဖိုးကောက်က ပြောပြောဆိုဆို အိပ်နေရာမှ ငေါက်ခနဲထပြီး အိမ်နောက်ဖေးတန်းဝင်သွားတော့တယ်။

သူ့ထုံးစံအတိုင်း ထမင်းအိုးဟင်းအိုးလှူးပြီး ပြောင်သလင်းခါ

www.burmeseclassic.com

www.burmeseclassic.com



အောင် စားလာမှာ သေချာပါတယ်။ ခဏနေတော့ အိုးသံခွက်သံတရှောင်ရှောင်တချင်ချင် ကြားလိုက်ရပြီ။

"အစ်ကိုရေ ဟောဒီပန်းကန်ထဲကဟာက အာတွေလဲ"ဟု လှမ်းမေးသံထွက်လာတယ်။

"သြော် မနေ့က ကျန်တဲ့ဆတ်သားခြောက်တွေထင်တယ် စားလိုက်လေ"

တအောင့်ကြာတော့ ဖိုးကောက်ပြန်ထွက်လာတယ်။ ကျုပ်လည်း ပန်းတွေစည်းပြီးသွားပြီးဖြစ်လို့ နေရာတကျဗန်းထဲမှာ စုပုံထားလိုက်တယ်။

"အစ်ကိုရေ ဒီဟာဘာလေးလဲဟင်"

ဖိုးကောက်က သူ့လက်ထဲမှာ ကိုင်လာတဲ့တစ်စုံတစ်ခုကို ကျုပ်ကိုပြတယ်။ ကြည့်လိုက်မိတော့ သစ်သီးလိုလို သစ်မြစ်လိုလိုအရာလေး။ မိန်းမတစ်ယောက်နဲ့ ပုံဏ္ဍာန်နှင့် ခပ်ဆင်ဆင်ပင်။

"ဒါကို မင်းဘယ်က ရလာတာလဲ"



"နောက်ဖေးမှာထားထားတဲ့ ပလိုင်းထဲကလေ။ ဘာလေးလဲလို့ ယူကြည့်မိတာ။ ရွှံ့ဗွက်တွေပေနေလို့ ဆေးထုတ်လိုက်တော့ ဟောဒီပုံစံလေးထွက်လာတာပဲ။ ဒါဘာလေးလဲအစ်ကို"

ခုမှသတိရတော့တယ်။ တောထဲမှာ လမ်းပျောက်စဉ်တုန်းက အမှတ်မထင် တွေ့ခဲ့ရသည့်အရာလေးကို ယူလာပြီး အမှတ်ဘာမဲ့ မေ့မေ့ပျောက်ပျောက် ပလိုင်းထဲထည့်ထားမိခဲ့တာ။ ခု ရေဆေးလိုက်တော့ ရွှံ့ဗွက်တွေကွာပြီး သန့်ရှင်းတောက်ပြောင်နေသဖြင့် ကျုပ်ချက်ချင်းမမှတ်မိတာ။

"လူပုံစံနဲ့ အရမ်းတူတာပဲနော်။ မိန်းမတစ်ယောက်ရဲ့ ပုံသဏ္ဍာန်ကို ပန်းပုထုထားတဲ့အတိုင်းပဲ"

ဖိုးကောက်က ထိုအရာကို စေ့စေ့ကြည့်၍ တအံ့တသြမှတ်ချက်ချလိုက်သည်။

ဖိုးကောက်၏ စကားကြောင့် ခေ့လျော့နေသည့် ကျုပ်ရဲ့ စိတ်တံခါးကို ဆွဲဖွင့်လိုက်သလို တစ်စုံတစ်ရာကို ချက်ချင်းအမှတ်ရသွားစေတယ်။ ကျုပ်မျက်နှာ အမူအရာပြောင်းလဲသွားသည်ကို ကြည့်၍

www.burmeseclassic.com

www.burmeseclassic.com



ဖိုးကောက်က လှမ်းမေးလာတယ်။

"အစ်ကိုဘာဖြစ်တာလဲ။ အစ်ကိုပုံစံက တစ်ခုခုကို သတိရသွားသလိုပဲ"ဟုတ်တယ် ကျူပ်စိတ်ထဲကျူပ်ငယ်ငယ်က အမြဲလိုလို မက်ခဲ့တဲ့ အိပ်မက်တစ်ခုကို ဒိုင်းခနဲ သတိရသွားမိတာ။

"ဒါလေးကို မြင်တော့ ငါမက်နေကျအိပ်မက်ကို သွားသတိရမိတယ်"

"ဘယ်လိုအိပ်မက်လဲ အစ်ကိုရဲ့"

❒ ❒ ❒

## အခန်း (၃)

သူ့အိပ်မက်က တော်တော်တော့ ဆန်းကြယ်လှပါသည်။ တောကြီးမျက်မည်းတစ်ခုထဲ၌ သူရောက်ရှိနေခြင်းဖြစ်သည်။

အားပတ်ပတ်လည်တွင်လည်း လေတွေတဝုန်းဝုန်း တိုက်ခတ်နေလိုက်တာ။ သူတောင် လွင့်ထွက်မသွားရအောင် မြေကြီးပေါ် ကုပ်တွယ်တောင့်ခံထားနေရသည်။

လေတွေကလည်း တဖြန်းဖြန်းမြည်သံပြုကာ တိုက်ခတ်နေ၏။ သစ်ကိုင်းသစ်ခက်တို့ အချင်းချင်းပွတ်ခတ်သံ တဂျိဂျိ တဂျွမ်ဂျွမ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ရှုည့်ပွက်လောရိုက်နေလေသည်။ သစ်ရွက်ကြွေများကလည်း မြေပေါ်သို့ တဖုတ်ဖုတ်နှင့် ဝဲလွင့်ကြွေကျလာပြန်၏။

သဲများ၊ ဖုန်များမဝင်စေရန် မျက်လုံးကို လက်ဖြင့်ကာကွယ်ထားရသဖြင့် သူ့မျက်လုံးများဝေဝါးမှုန်မှိုင်းနေလေ၏။ အမြင်ဝိုးတဝါးကြားမှ ဝန်းကျင်ကို အကဲခတ်မိသည်။

သူမြင်မြင်လေရာ သစ်ပင်တွေက အမြင့်ကြီးမှာ အမြင့်ကြီးပဲ။ သူက အဲဒီသစ်ပင်တွေရဲ့ အလယ်မှာ ရောက်ရှိနေခြင်းဖြစ်၏။

စိတ်ထင်တာလားတော့မသိ။ အဲဒီသစ်ပင်ကြီးတွေဆီကနေ ခေါ်သံလိုလို ရယ်သံလိုလိုတွေ ကြားရသလိုထင်၏။ လေတိုးသံကြောင့်လဲ ဖြစ်နိုင်သည်။

ဓေဇဝါဖြင့် သူမော့ကြည့်မိတော့ အပင်တွေရဲ့ထိပ်မှာ သစ်သီးလေးတွေ တွဲလဲလေးတွေရှိနေတာကို တွေ့ရသည်။ သစ်သီးတွေရဲ့ ပုံစံက လူ့ပုံစံတွေလိုပဲဟု သူထင်မိသည်။ ဒါပေမယ့် အပင်ကမြင့်လွန်းတော့ သဲသဲကွဲကွဲမမြင်ရ။ လေတိုက်တိုင်းခေါ်သံလိုလို ရယ်သံလိုလို အသံတွေကိုပို၍ နီးနီးကပ်ကပ် ကြားလာရ၏။



ထို့နောက် ပြုန်းဆို သူ့ရှေ့တည့်တည့်သို့ သစ်ပင်ပေါ်မှ အရာတစ်ခုလွင့်ကျလာသည်။

ကောက်ယူကြည့်မိတော့ သစ်သီးလေး၊ လူပုံစံသစ်သီးလေး။ ပို၍တိတိကျကျပြောရလျှင် မိန်းမပုံသဏ္ဌာန်သစ်သီးလေးပင် ဖြစ်သည်။

"အိပ်မက်ကတော့ ဒါပဲကွ အဲဒီအိပ်မက်ကို ငါငယ်ငယ်က ခဏခဏမက်တာ" ဖိုးကောက်က ကျုပ်အိပ်မက်အကြောင်းကို စိတ်ဝင်တစားနားထောင်နေရာမှ ကျုပ်စကားဆုံးတော့ လေးလေးနက်နက် စဉ်းစားဟန်ပြု၍ မှတ်ချက်ချလာသည်။

"အစ်ကို အိပ်မက်က ဟောဒီအသီးလေး ရလာမယ်ဆိုတာကို ကြိုတင်နိမိတ်ပေးခဲ့တာဖြစ်မယ်"

ဖိုးကောက်ရဲ့စကားကို ကျုပ်ဘာမှငြင်းချက်ထုတ် မပြောလိုက်တော့ဘူး။ ကျုပ်လည်း တွေးနေမိတယ်။ ဖိုးကောက်ပြောသလို ကျုပ်ကိုနိမိတ်ပေးခဲ့တဲ့ အိပ်မက်လား။

ဒါဆိုအခု ကျုပ်လက်ထဲမှာ ဒီသစ်သီးလေးရောက်နေပြီ။ ကျုပ်ဘာဆက်ဖြစ်မှာလဲ။ အိပ်မက်နဲ့အသီးရဲ့ ဆက်နွယ်ချက်ကရော

www.burmeseclassic.com

www.burmeseclassic.com



ဘာတဲ့လဲ။ ကျုပ်မတွေးတတ်တော့ဘူး။

ကျုပ်အသီးကို စေ့စေ့ကြည့်မိတယ်။ အပျိုစင်မိန်းမတစ်ယောက်ရဲ့ ခန္ဓာကိုယ်အချိုးအစားနဲ့ ဆင်ဆင်တူသလိုမျိုးသစ်သီးလုံးစံက ထွင်းထုထားသလို။ ဒါဟာ ကြားဖူးနားဝရှိထားတဲ့ သူယောင်သီးဆိုတာလား။ ဟုတ်မယ်မထင်ပါဘူးလေ။

□ □ □

## အခန်း (၃)

"ဟား…အမယ်လေး ခုမှပဲ သက်ပြင်းချနိုင်တော့တယ်။ ကံကောင်းလို့ တောဝက်ဟပ်တာမခံရတာ ဟူး"

သာအေးက သက်ပြင်းမောကြီးမှုတ်ထုတ်ပြီး အထိတ်တလန့်ပြောလာ၏။

ဟုတ်တယ် သာအေးလိုပဲ ကံထူးလည်း ခုမှသက်ပြင်းချနိုင်တော့တယ်။ သူတို့အဖွဲ့မနေ့က ဝါးခုတ်သွားတာ မျှစ်နုလေးတွေတွေ့တာနဲ့ ချိုးနေတုန်း ပြုန်းဆို အစွယ်ကားကားနဲ့ တောဝက်ကြီးပြေး

www.burmeseclassic.com

www.burmeseclassic.com



ပက်ပါလေရော။ ဒီကောင်ကြီး ဘယ်ချိန်ထဲက ချောင်းနေလဲမသိဘူး။ ကံကောင်းလို့ အရှောင်မြန်လို့၊ သူတို့အဖွဲ့လည်း ကြောက်ကြောက်လန့်လန့်နဲ့ နီးရာသစ်ပင်ပေါ် ပြေးတက်ကြရသည်။

အံမယ် တောဝက်ကြီးက သူတို့အဖွဲ့ကို အလွတ်မပေးဘူး။ သူစားမဲ့မျှစ်တွေခူးလို့ အခဲမကျေသေးပုံနဲ့ တစ်ချိန်လုံးသစ်ပင်အောက်က ထိုင်စောင့်နေတာ။ သူတို့မှာ အောက်ကိုလည်း မဆင်းရဲ ရင်တထိတ်ထိတ်နဲ့ သစ်ပင်ပေါ်ကနေ စောင့်ကြည့်နေရတယ်။

ခွဲကောင်းတဲ့တောဝက်ကြီးက တစ်ချိန်လုံးသူတို့ရှိတဲ့ သစ်ပင်ပေါ်ကို မမိုတ်မသုန်နဲ့ စိုက်ကြည့်နေလိုက်တာ။ တော်တော်အငြိုးကြီးပုံရတယ်။ အချိန်တွေကုန်လာလိုက်တာ ညနက်သန်းခေါင်တောင်ရောက်လာခဲ့တယ်။

တောဝက်ကတော့ ခုထိခွဲမလျှော့သေးဘူး။ ဖြစ်ချင်တော့ သူ့အဖော်နောက်ထပ် တောဝက်တစ်ကောင်ပါ အဆစ်တိုးလာလိုက်သေးတယ်။



ကံထူးတို့လည်း လက်လှမ်းမီရာ သစ်ကိုင်းခြောက်တွေနဲ့ လှမ်းပစ်ပေါက်ပြီး ခြောက်လို့လဲမရ။ လှန်လို့လည်းမရ။ နောက်ဆုံးတော့ စိတ်ပျက်လက်ပျက်နဲ့ပဲ သစ်ပင်ခွကြားမှာ မိုးပြီးငိုက်ရတော့တယ်။

တော်တော်ကြီးတဲ့ဒုက္ခ။ အပင်အောက်မကျအောင်လည်း ဂရုစိုက်ရသေး။ မှတ်၊ ခြင်၊ ယင်စတဲ့ အကောင်ဗလောင်လေးတွေရဲ့ အကိုက်လည်းခံရသေးတယ်။ ကြီးစွာသော ဒုက္ခကိုတညလုံးခံစားပြီး နေလိုက်ရတာ မနက်မိုးလင်းခါနီးလောက်မှ တောဝက်နှစ်ကောင်စိတ်လျှော့ပြီး ပြန်သွားလို့ သူတို့လည်း သစ်ပင်ပေါ်ကနေ အမြန်ဆင်းပြေးခဲ့ရတော့တာလေ။

သူတို့အဖြစ်ကို ပြန်တွေးမိပြီး ကံထူးတစ်ယောက်ပြုံးလိုက်မိ၏။

"ဟော့ကောင် မင်းကဘာပြုံးနေတာလဲ"

သာအေးက အံ့ဩဟန်ဖြင့် လှမ်းမေးလာ၏ . . .

"ငါတို့အဖြစ်ကို ပြန်တွေးပြီး ပြုံးမိတာ၊ ငါတို့အဖြစ်ကလည်း ရယ်စရာတော့ အကောင်းသားနော်"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ မင်းက ရယ်နိုင်သေးတယ်ပေါ့။ အဲ့ဒီတုန်းက များ ငါတို့မှာ ဘယ်လောက်ဒုက္ခခံခဲ့ရသလဲ။ ဒါတောင် မင်းကရယ် နေနိုင်သေးတယ်"

"ဟုတ်တယ်ဟေ့၊ ဒုက္ခရောက်ပုံများပြောမနေနဲ့တော့ ငါဆို တစ်ညလုံးဆီးသွားချင်တာကို အောင့်ထားလိုက်တာ ဘယ်လောက်ဒုက္ခ ကြီးတယ်မှတ်လဲ"

ရွာစပ်နားရောက်တော့မှ မအောင့်နိုင်တော့၍ ချုံထဲဆီးသွားရာ မှ ပြန်ထွက်လာပြီး အောင်ဘုက ဝင်ပြောလိုက်သည်။

"ကဲ…ကဲ ပြောမနေကြနဲ့တော့ ရွာနားလဲရောက်ပြီ မြန်မြန် လျှောက်ကြတော့၊ တညလုံးလဲ မအိပ်ရသေးဘူး။ ငါတော့ နားချင်နေ ပြီ မြန်မြန်အိမ်ရောက်ချင်ပြီကွာ"

ကံထူးက ပြောရင်းခြေလှမ်းကို ပိုသွက်လိုက်သည်။

"အေးပါကွာ…ငါတို့လည်း အိမ်အမြန်ပြန်ချင်တာပဲ။ အိမ်မှာ မင်းမိန်းမမျှော်နေမှာကျနေတာပဲ လောလိုက်တာ"



အောင်ဘုက ခနဲ့တဲ့တဲ့ပြောလိုက်၏။

"ငါက မင်းတို့လိုမျှော်မယ့်သူ စိတ်ပူမယ့်သူလဲမရှိဘူး။ အဆင်သင့်ချက်ပြုတ်ကျွေးမွေးဖို့ စောင့်နေသူလဲမရှိဘူး။ အိမ်ရောက်ရင် ကိုယ်ဟာကိုယ် ချက်စားရမှာ ဗိုက်ဆာပြီကွ။ ဒါကြောင့် မြန်မြန်အိမ် ရောက်မှ ဖြစ်မယ်"

ကံထူးက အလောလေးပြောပြီး အလောလေးလျှောက်သည်။

"ဒါ့ကြောင့် ပြောတာပေါ့ ငါတို့ကို အားကျရင် ငါတို့လိုဖြစ် အောင် မြန်မြန်ကြိုးစားပါလို့"

"စိတ်ကူးမလွဲနဲ့မောင် မြန်မြန်အကောင်အထည်ဖော်ချင်ရင် ရွာတောင်ပိုင်းက အပျိုကြီးမတင်လှရှိတယ်နော့။ သူက မင်းကိုသဘော ကျနေတာ"

"ဟာ ခင်ဗျားတို့ကလဲဗျာ"

ကံထူးက ခပ်ရှက်ရှက်ဖြင့် ပြောလိုက်ပြီး ခြေလှမ်းကို ပိုသွက် လိုက်သည်။ အောင်ဘုနှင့် သာအေးမှာ ကံထူးကိုကြည့်၍ တဟားဟား

www.burmeseclassic.com

www.burmeseclassic.com



အော်ရယ်ရင်း နောက်မှလိုက်လျှောက်လာခဲ့လေ၏။

□

အိမ်ပေါ်သို့ တက်လိုက်တာနှင့် ထူးခြားမှုတစ်ခုကို သူစတင်သတိထားမိလိုက်ရတာဖြစ်သည်။

နေရာမကျ၊ တိုလီမုတ်စများနှင့် အစဉ်အမြဲရှုပ်ပွနေခဲ့သော သူ့အိမ်တစ်ခုလုံးသန့်ရှင်းတောက်ပြောင် သပ်ရပ်နေခြင်းကို မြင်ရတော့ သူ့မျက်စိကိုပင် သူမယုံနိုင်ဖြစ်သွားခဲ့သည်။

ပစ္စည်းများ သူ့နေရာနှင့်သူ နေသားတကျရှိနေသည်။ ကြမ်းပြင်သည် ဖုန်မှုန့်သဲစများ တစ်စက်လေးမှ မရှိအောင် သန့်ရှင်းပြောင်လက်နေ၏။

ထူးခြားမှုက တစ်ခုထဲမဟုတ်ပေ။

ဘုရားစင်ရှိ ပန်းအိုးလေးထဲတွင် ပန်းများဝေဆာတင့်တယ်နေ၏။ သူက ဘုရားပန်းဆိုပြီးပြီးရောထိုးတတ်တာ။ ခုတော့ အရောင်



အသွေးစုံပန်းကလေးများဖြင့် တင့်တယ်သပ္ပာယ်လှသော ဘုရားစင်လေးကို မြင်တွေ့ရပြန်သည်။

တအံ့တဩဖြင့် အိမ်အတွင်းလှည့်လည် ကြည့်ရှုမိသည်။

သူ့အိပ်ခန်းထဲမှာလည်း သန့်ရှင်းသပ်ရပ်လို့။ တိုလိုတွဲလောင်းအဝတ်များဖြင့် ရှုပ်ပွနေခဲ့သော အခန်းလေးခုတော့ အဝတ်များကလည်း စီစီရီရီ။ အိပ်ရာခင်းလေးကလည်း သပ်သပ်ရပ်ရပ် အခန်းလေးရှင်းသန့်လို့ပါလား။

အံ့ဩထူးဆန်းမှုအရှိန်က ဒီရေအလားတဖြည်းဖြည်း မြင့်တက်ရှိလာသည်။

အိမ်နောက်ဖေးသို့ ရောက်လာသည်။ ကြည့်ပါဦး အိမ်နောက်ဖေးခန်းလေးလည်း သန့်ရှင်းတောက်ပြောင် နေပြန်ပါပေါ့။

"ဟ…မွှေးလိုက်တာ…ဘာနံ့လဲ။ ဒါ…ဟင်းနံ့ပဲ"

ကံထူးက တအံ့တဩရေရွတ်ရင်း ဟင်းအိုးကို ပြေးဖွင့်ကြည့်မိသည်။ အငွေ့တထောင်းထောင်းထနေသော ကြက်သားဟင်းတုံး

www.burmeseclassic.com

www.burmeseclassic.com



ဝါဝါလေးများကို တွေ့လိုက်ရသည်။ ထမင်းအိုးကိုလည်း လှန်ကြည့်မိသည်။ ထမင်းတွေလည်း ချက်ပြီးသားအသင့်။

"ဒါတွေဘယ်သူ ချက်ထားတာလဲ။ အိမ်ကိုရော ဘယ်သူ လာရှင်းပေးထားတာလဲ"

ကံထူး၏ ဦးနှောက်ထဲသို့ အံ့ဩမှုအရှိန်က ဒိုင်းခနဲဝင်ဆောင့်သည်။ ချက်ချင်းအဖြေရှာသည်။ ရုတ်တရက်တော့ မှန်းဆ၍ မရနိုင်ပေ။

အိမ်နောက်ဖေးပေါက်မှ ဆင်းကာ အိမ်အောက်ကြက်ခြံလေးထဲသို့ ဝေ့ဝဲ၍ရှာလိုက်သည်။

မွေးထားသောကြက်ငါးကောင်တွင် တစ်ကောင်လျော့၍နေသည်။ သေချာပြီလျော့သွားတဲ့ အကောင်က ဟင်းအိုးထဲရောက်၍နေပြီ။

ဒါဆို သူ့အိမ်ကိုလာပြီး အိမ်တွေရှင်းထမင်းတွေ ချက်ပေးသွားတာ။ ဘယ်သူလဲ။ ဖိုးကောက်လား။ ဖိုးကောက်ကတော့ ဒီလိုမျိုး တစ်ခါမှ မလုပ်ပေးပါဘူး။



ဘာပဲဖြစ်ဖြစ် ဖိုးကောက်ကို သွားမေးကြည့်ရမယ်။ ဦးနှောက်ထဲ အတွေးတို့ဖြင့် ရှုပ်ထွေးရင်း သူမီးဖိုချောင်ထဲ ပြန်ဝင်လာခဲ့သည်။

သင်းပျံ့ပျံ့ဟင်းနံ့က နှာခေါင်းထဲတိုးဝင်လာ၏။ ချက်ချင်း သူဆာသွားသည်။

လျှာပေါ်စွတ်စိုလာသော တံတွေးကို အုခနဲမျိုချ၍ ဟင်းအိုးကို စောင့်ငဲ့ကြည့်လိုက်မိတော့သည်။

□ □ □

www.burmeseclassic.com

## အခန်း (၅)

သူ့အဖြစ်က တော်တော်တော့ ထူးဆန်းနေသည်။ ဖိုးကောက်

အိမ်ရောက်တော့ ဖိုးကောက်က ပြောသည်မှာ

"အစ်ကိုတို့ အိမ်ဘက်ခြေဦးတောင်မလှည့်မိပါဘူး" တဲ့လေ

ကဲ…ဒါဆို သူ့အိမ်ကိုလာပြီး အိမ်တွေရှင်း ထမင်းတွေချက်

ပေးသွားတဲ့ စေတနာရှင်ဟာ ဘယ်သူတဲ့လဲ။ စဉ်းစားရကြပ်လှသည်

စိတ်ရှုပ်ရှုပ်ဖြင့် သူ့အိမ်ပြန်လာမိသည်။ အိမ်နားရောက်တော့



အိမ်ဘေးက ဒေါ်ကြီးတင်မေနှင့်တွေ့တော့ သူမေးကြည့်ရန် စိတ်ကူးမိသည်။

"ဒေါ်ကြီး…ဒေါ်ကြီး"

ခြံဝင်းထဲ တံမြက်စည်းလှည်းနေသော ဒေါ်ကြီးတင်မေက သူ့ကိုတွေ့တော့ ထွက်လာသည်။

"ဘာလဲဟဲ့ ကံထူး"

"ကျွန်တော် မေးစရာရှိလို့"

"မေးလေ ဘာကိစ္စလဲ"

"ဟို…ကျွန်တော်မရှိတုန်း ကျွန်တော်အိမ်ကို ဒေါ်ကြီးတို့များလာပြီး ထမင်းဟင်းတွေချက် အိမ်တွေရှင်းပေးသွားတာလားဟင်"

ဒေါ်ကြီးတင်မေ၏ မျက်ဝန်းများ သူ့အမေးကြောင့် အံ့သြဟန်ဖြင့် အကြောင်သားငေးကြည့်နေ၏။ ပြီးတော့ ဘာကိုစဉ်းစားမိသည် မသိ ဝါးကနဲ ရယ်ချလိုက်ကာ။

"ကံကြီးစည်ရာတော် နင့်အိမ်ကို ဘာကိစ္စငါကရှင်းပေးထားရမှာလဲ။ တခါမှလဲ ထမင်းဟင်းတွေ ချက်မပေးဘူးပါဘူး နင့်ကိုတွေး

www.burmeseclassic.com

www.burmeseclassic.com



ချင်ရင် ငါ့အိမ်ကပဲ ဟင်းတွေထမင်းတွေ လာပို့မှာပေါ့။ နင်မရှိတုန်း ငါကဘာကိစ္စနဲ့ နင့်အိမ်လာရမှာလဲ မဟုတ်မဟပ်တွေ"

ထိုစဉ် သူတို့အနားသို့ ဒေါ်ကြီးတင်မေ၏ သမီးထွေးလှ ရောက်လာသည်။

"ဘာဖြစ်နေတာလဲ အမေ"

"ဒီမှာလေ ကံထူးက သူ အိမ်မှာမရှိတုန်း သူ့အိမ်ကိုအမေတို့လာရှင်းပေးထားတာလားတဲ့ လာမေးနေတယ်"

ထွေးလှက ကံထူးကို အံ့သြဟန်ဖြင့် ကြည့်ပြီး

"ဟုတ်သားပဲ…ကိုကံထူးကလဲ ထွေးလှတို့ ဘယ်တုန်းက ကိုကံထူးအိမ်လာရှင်းပေးဖူးလို့လဲ"

"ဟုတ်လား။ ဒါဆိုရင် ကျွန်တော်အိမ်ကို ကျွန်တော်မရှိတုန်း လာရှင်းပေးသွားတာ ဘယ်သူလဲမသိဘူး"

ကံထူးက မျက်တောင်တဖျပ်ဖျပ်ခတ်ကာ စဉ်းစားဟန်ပြုရင်း ပြောလိုက်သည်။ ထွေးလှတို့သားအမိနှစ်ယောက်က ကံထူးကို အံ့သြဟန်ဖြင့် မျက်လုံးအပြူးသား စိုက်ကြည့်နေကြ၏။



"ကိုကံထူးအိမ်ကို ဘယ်သူမှလာတာလဲ မတွေ့ပါဘူး။ မဟုတ်မှလွဲရော ကိုကံထူးတစ်ယောက် ကိုယ်ဟာကိုယ် အိမ်တွေရှင်း၊ ထမင်းတွေချက်ပြီး ကယောင်ချောက်ချားနဲ့ လျှောက်ပြောနေတာလား ဟင်"

"ဟုတ်ပ‌ါ့ ကံထူးရယ် နင့်ဟာနင်လုပ်ပြီး မေ့နေတာလား ဟယ်။ ကယောင်ကတန်းနဲ့"

ထွေးလှတို့ သားအမိနှစ်ယောက်စလုံး သူ့ကို အရူးသဖွယ် ကြည့်၍ ဝိုင်းပြောလာကြတော့ သူရှက်သွားမိသည်။

"ဟာ…ဒေါ်ကြီးတို့ကလည်း ကျွန်တော်လုပ်ပြီး ကျွန်တော် မေ့ရအောင် ကျွန်တော်မရူးသေးဘူးဗျ။ ခုဟာက ကျွန်တော်မရှိတုန်း ကျွန်တော်အိမ်ကို တစ်ယောက်ယောက်က လာရှင်းပေးသွားဟာ သေချာတယ်။ ဒေါ်ကြီးတို့မဟုတ်ရင်တော့ တခြားလူတွေကို လိုက်မေးကြည့်ရမှာပဲ"

"အေး…ဒါဆိုလဲ လိုက်မေးကြည့်လေ။ ငါတို့တော့ နင့်အိမ်ကိုလာတဲ့သူလဲ မတွေ့မိဘူး။ နင့်ဘာသာ လိုက်မေးကြည့်ပေတော့"

www.burmeseclassic.com

www.burmeseclassic.com



စိတ်လက်ရှုပ်ထွေးစွာဖြင့် ဒေါ်ကြီးတင်မေတို့အိမ်ရှေ့မှ ထွက်လာခဲ့သည်။ အနီးပတ်ဝန်းကျင်ရှိ လူများကို မေးကြည့်တော့လဲ ဘယ်သူမှမသိကြ။ ခေါင်းခါငြင်းဆိုကြသည်ချည်း။

ရွာထဲမှာရှိသည့် ဆွေမျိုးရင်းချာများကို သွားမေးတီးခေါက်ကြည့်မိတော့လဲ ဘယ်သူမှ ဟုတ်ပုံမရ။

သူစိတ်ညစ်ညစ်နှင့် အိမ်ပြန်လာခဲ့သည်။ အိမ်ရောက်တော့ ရှင်းသန့်တောက်ပြောင်နေတဲ့ အိမ်လေးကြောင့် ကြည်နူးငြိမ်းချမ်းသွားရ၏။ ဒီအိမ်ကို သူမရှိတုန်း ဘယ်သူလာရှင်းပေးထားတာလဲဟူသည့် အတွေးကြောင့် စိတ်လက်ရှုပ်ထွေး နောက်ကျိသွားရပြန်သည်။

မခန့်မှန်းတတ်တော့လောက်အောင် အတွေးတို့ဖြင့် သူချာလပတ်ရမ်းနေဆဲ။ ထိုနောက်တွင်တော့ ညကအိပ်ရေးပျက်ထားသည့်အရှိန်၊ ပင်ပန်းထားသည့်အရှိန်တို့ကြောင့် အိမ်ရှေ့ကွပ်ပျစ်လေးပေါ်၌ အိပ်မောကျသွားခဲ့ရလေတော့သည်။

## အခန်း (၆)

မျက်လုံးထဲလက်ခနဲ လင်းသွားသလို ဖြစ်သောကြောင့် သူအိပ်ရာမှဖျတ်ခနဲ လန့်နိုးလာသည်။

ဝိုးတဝါးအမြင်အာရုံကြားမှ ရုတ်တရက်မြင်လိုက်ရသောမြင်ကွင်းကြောင့် သူ့မျက်ဝန်းများ အလန့်တကြားပြူးကျယ်ဝိုင်းစက်သွားရတော့သည်။

သူ့အိမ်ထဲတွင် လူတစ်ယောက်ကို တွေ့လိုက်ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ မိန်းကလေးတစ်ယောက် ဖြစ်နေခြင်းက သူ့ကိုပို၍ထူးဆန်း အံ့ဩစေ၏။ မိန်းကလေး၏ အဝတ်အစားများမှာ အရောင်တလက်လက် တောက်ပြောင်နေသဖြင့် ကြည့်ရတာ မျက်စိတောင် ကျိန်းလာမိသည်။ သူမက သူကြည့်နေသည်ကို သိပုံမရပေ။

သူမလက်ညှိုးလေးနှင့် အခန်းပတ်လည်ရှိပစ္စည်းများကို ငေ့၍ ညွှန်လိုက်လျှင် လက်ညှိုးလေးမှ အလင်းတန်းတစ်ချို့လက်ကနဲ ထွက်လာကာ ပွရှုပ်နေသော ပစ္စည်းများ သူ့နေရာနှင့်သူ နေသားတကျ ရှိသွား၏။ အံ့ဩလွန်း၍ မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြင့် မှင်သက်နေမိသည်။

သူမမျက်ဝန်းများ ဘူ့ထံသို့ ဝေခနဲရောက်ရှိလာသည်။ သူ တအံ့တဩဖြင့် စိတ်လှုပ်ရှားစွာမေးမိသည်။

"မင်းက ဘယ်သူလဲ ဟင်။ ဘာဖြစ်လို့ငါ့အိမ်ထဲရောက်နေ ရတာလဲ"

မိန်းကလေးသည် သူ့ကို ခပ်စူးစူးစိုက်ကြည့်လာကာ



"ငါသည် နတ်သမီးတစ်ပါးဖြစ်ပေတယ် အသင်လူသား"

"ဘာ...သင်က နတ်သမီး ဟုတ်လား"

သူတအံ့တဩ ရေရွတ်လိုက်သံကြီးက တိတ်ဆိတ်သော ညအလယ်၌ ဟိန်း၍ထွက်သွားသည်။

"ဟုတ်ပါတယ်"ဟု မိန်းကလေးက ခပ်တည်တည်ပြန်ပြော၏။

"ဟို...ဒါနဲ့ ကျုပ်အိမ်ထဲကို ဘာကြောင့်ရောက်နေရတာလဲ"

"သင်ဟာ ကျွန်ုပ်အပေါ်မှာ တစ်ချိန်က ကျေးဇူးရှိခဲ့ဖူးပါ တယ်။ အဲဒီကျေးဇူးကို ပြန်ဆပ်တဲ့အနေနဲ့ သင့်အိမ်မှာ လာရောက်ကူ ညီလုပ်ကိုင်ပေးနေခြင်း ဖြစ်ပါတယ်"

"ဒါဆို ကျုပ်အိမ်မှာ အိမ်တွေရှင်း ထမင်းတွေလာချက်ပေး နေတဲ့သူဟာ သင်ပေါ့"

"ဟုတ်ပါတယ်"

မိန်းကလေးကို အံ့ဩလွန်းစွာ သူစိုက်ကြည့်နေမိသည်။ ထိုအခိုက် အကျဲအစိပ်မညီသော ဝါးထရံပေါက်များမှ အလင်းတန်းတစ်

www.burmeseclassic.com

www.burmeseclassic.com



ချို့ ဝင်ရောက်ဖြာကျလာသည်။ မိန်းကလေးသည် မတ်တတ်ရပ်လျက် သူ့ကိုငေးကြည့်နေရာမှ တဖြည်းဖြည်းမှိန်ကာ ပျောက်ကွယ်သွားလေ၏။

"နတ်သမီး…နတ်သမီး"

ဟုသူက စိုးရိမ်တကြီးခေါ်သော်လည်း ပြန်လည်တုန့်ပြန်ထူးသံကို မကြားရတော့ပေ။

မျက်လုံးများဖျတ်ခနဲဖွင့်မိတော့ ဘာကိုမျှလည်း မမြင်ရ၊ ဘာကိုမျှလည်း မကြားရ၊ အမှောင်ထုက သိပ်သည်းလှချေသည်။

တဆတ်ဆတ်ခုန်နေသော ရင်ကိုငြိမ်အောင် ခဏငြိမ်ကာမှေးနေရင်းမှ သူတွေးမိသည်။

သူအိပ်မက်မက်နေတာပါလား။ ပေါက်ပေါက်ရှာရှာ အိပ်မက်ပဲဟု တွေးရင်း သူပြုံးလိုက်မိသည်။

ထိုအခိုက် လင်းကြက်တွန်သံက စူးရှစွာ ပျံ့လွင့်လာ၏။ သူအိပ်ရာမှ ငေါက်ခနဲထကာ အခန်းအပြင်သို့ ထွက်လိုက်သည်။

ဝါးထရံပေါက်များမှ ဖြာကျနေသော အလင်းတန်းတို့ကြောင့်



အိမ်အတွင်း၌ ပိုးတဝါးမြင်နေရသည်။ အိမ်ရှေ့တံခါးကို ဖွင့်လိုက်တော့ အရုဏ်ဦးအလင်းရောင်နှင့်အတူ လေနုအေးလေများ အိမ်တွင်းသို့ အလုအယက်တိုးဝင်ရောက်လာ၏။

လတ်ဆတ်သောလေကို နှစ်ခြိုက်စွာတဝကြီး ရှူရှိုက်လိုက်တော့ လူကပို၍ လန်းဆန်းတက်ကြွသွားသလို ခံစားမိသည်။

ထို့နောက် အိမ်တွင်းသို့ ဝေ့ဝဲကြည့်မိရာ အပြင်ဖြာကျနေသော အလင်းရောင်အောက်တွင် ရှင်းသန့်နေသော အိမ်လေးကို အံ့သြဖွယ်တွေ့လိုက်ရသည်။

မှတ်မှတ်ရရ မနေ့က အိမ်ရှေ့ခန်းတွင် သူဖွရှုပ်ထားခဲ့သည့် ပစ္စည်းများမှာလည်း သူနေရာနှင့်သူ နေသားကကျ ရှင်းသန့်ပြောင်လက်နေ၏။

အိပ်မက်ကို သွားသတိရမိသည်။ အိပ်မက်ထဲကအတိုင်း နတ်သမီးတစ်ပါးက သူ့အိမ်ကို လာရှင်းပေးထားတာလား။ ဒါဟာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ခွဲပြီး ထင်ရာမြင်ရာတွေ သူလျှောက်မက်ခဲ့သည် အိပ်မက်ထဲကအတိုင်း အပြင်မှာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ ဒါဆို…အခုအိမ်ကို လာရှင်းပေးနေတာ ဘယ်သူလဲ။

တောင်တောင်အီအီတွေ စဉ်းစားတွေးတောရင်း သူရူးချင်လာမိသည်။

"ငါ့နှယ် ရူးတော့မှာပဲ။ စိတ်ရှုပ်လိုက်တာ"

စိတ်ပျက်စွာ ရေရွတ်ရင်း ဟင်းကာနဲ သက်ပြင်းမောကြီးချကာ မျက်နှာသစ်ရန် အိမ်နောက်ဖေးသို့ လှမ်းဝင်လာခဲ့မိသည်။

အိမ်နောက်ဖေးရောက်တော့ မြင်ကွင်းက သူ့ကိုပို၍ မှင်သက်အံ့သြသွားမိစေ၏။

မီးဖိုတွင် မီးရှိန်မသေသေးသည့် မီးကျီခဲရဲရဲလေးများကို တွေ့လိုက်ရသည်။ ကပျာကယာဝင် ထမင်းအိုးကို ဖွင့်ကြည့်မိတော့ တထောင်းထောင်းထနေသော အငွေ့များ သူ့မျက်နှာကို အပူလာဟပ်၏။ လန့်ဖျတ်ပြီး လက်မှအဖုံးလွှတ်ကျသွားသည်။ တလက်စတည်း



မီးဖိုနံဘေးက ဟင်းအိုးကိုပါ ဖွင့်ကြည့်မိတော့ ထင်တဲ့အတိုင်းကြက်သားဟင်းနံ့က သင်းကနဲ နှာခေါင်းဝသို့တိုးဝင်လာ၏။

"သွားပါပြီ။ ကြက်ခြံထဲက ကြက်တစ်ကောင်တော့ လျှော့ပါပြီ"

စိတ်ပျက်လက်ပျက်ဖြင့် ရေရွတ်ရင်း စိတ်ရှုပ်ထွေးစွာ ခေါင်းကို တဗျင်းဗျင်းကုတ်နေမိတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

သူအသေအချာကို သိနေသည်။ သူ့အိမ်ထဲတွင် လူတစ်ယောက် ယောက်ရှိကိုရှိနေရမည်။ ဒါမှမဟုတ် အိမ်ပေါ်မှာ မရှိလျှင်တောင်မှ ခြံဝင်းအတွင်း ပုန်းအောင်းနိုကပ် နေပေလိမ့်မည်။

ထိုသို့ မှတ်ချက်ချကာ အိမ်တစ်ခုလုံး၊ ခြံတစ်ဝင်းလုံးနေရာ အနှံ့ ချောင်ကြိုချောင်ကြားမကျန် လိုက်ရှာကြည့်သော်လည်း လူ့နှင့် တူတာဆိုလို့ ရေးရေးတောင်မမြင်ရ။



စိတ်ပျက်မောက်ဟိုက်စွာ လက်မှိုင်ချရင်း နောက်သာမ်မျိုးတွေး မိပြန်သည်မှာ ထိုတစ်စုံတစ်ယောက်သည် အိမ်၌သူမရှိစဉ် ဒါမှမဟုတ် သူအိမ်မောကျနေစဉ်အတွင်းမှာပဲ လာရောက်ပြီး အိမ်အလုပ်တွေ လုပ်ကိုင် သွားခြင်းကို ဖြစ်သည်။

ဒီတစ်ခါတော့ သူအကြံတစ်မျိုးပြောင်းရ၏။ အိမ်ကို တိတ် ဆိတ်လှို့ဝှက်စွာ လာရောက်နေတဲ့သူကို အငိုက်ဝင်ဖမ်းဖို့ ကြံစည်မိ၏။

ကြိုတင်ကြံစည်ထားသည့်အတိုင်း အိမ်တစ်ခုလုံး ပစ္စည်းများ ကို ရှုပ်ပွထနေအောင် ဖွထားလိုက်သည်။

ညနေ နေဝင်မှောင်စပျိုးတာနှင့် ပလိုင်းလေးဆွဲကာ အပြင် ထွက်လာခဲ့မိသည်။ အမှန်တော့ သူ့အကြံအစည်မှာ အပြင်ထွက်ချင် ယောင်ဆောင်ပြီး အိမ်ထဲဝင်နေတဲ့သူကို ပြန်လှည့်ဖမ်းရန် ဖြစ်သည်။

သူအကြံအတိုင်း အိမ်နဲ့ခပ်ဝေးဝေးနေရာသို့ သွားလိုက်ပြီး အချိန်တော်တော်ကြာအောင် ဖြုန်းပြီးမှ အိမ်ဘက်သို့ တိတ်တဆိတ် ပြန်လာခဲ့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်နားသို့နီးလာလေ စိတ်လှုပ်ရှားမှုကပို၍ မြန်လာလေဖြစ်၏။

ဟိုးအဝေး ခပ်လှမ်းလှမ်းထဲက အိမ်တွင်းမှာ မီးရောင်တလက်လက်ဖြစ်နေသည်ကို လှမ်းတွေ့နေရ၏။

ထင်တဲ့အတိုင်းပါပဲ သူအိမ်မှာမရှိတာနဲ့ သူ့အိမ်ကိုနိုးဝင်နေတဲ့ သူရောက်နေပြီ။

ခြေလှမ်းကို ခပ်သွက်သွက်လှမ်းကာ လျှောက်လာမိသည်။ အိမ်နားသို့နီးလာသောအခါ အိမ်တွင်းမှ မီးရောင်တယိမ်းယိမ်းတနွဲ့နွဲ့ဖြင့် ယိမ်းထိုးလှုပ်ယမ်းနေသည်ကို ပို၍ပီပြင်စွာ မြင်လာရ၏။

ဒါအိမ်ထဲက လူရဲ့လှုပ်ရှားမှုအတိုင်း မီးရောင်ယိမ်းထိုးလှုပ်ရှားနေတာ။ သေချာတာတစ်ခုက သူမေ့လျော့ယောင်မှားပြီး မီးမထွန်းခဲ့ခြင်းဖြစ်သည်။

သူခြံဝင်းအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် မီးရောင်မှာ ဖျတ်ခနဲငြိမ်းသွား၏။

သူ့စိတ်ထဲ ထိတ်ခနဲဖြစ်သွားကာ အိမ်ပေါ်သို့ ကမန်းကတန်းပြေးတက်သွားလိုက်သည်။ အိမ်တံခါးကို ဝုန်းခနဲဆွဲဖွင့်ကာ အိမ်တွင်းသို့



ကြည့်မိတော့ အမှောင်ထုကလွဲပြီး ဘာကိုမှ သဲကွဲစွာမမြင်ရတော့ပေ။

လက်ထဲတွင်အသင့်ဆောင်လာသော မီးခြစ်ဗူးနှင့် ကပျာကယာခြစ်၍ ကြည့်လိုက်သည်။

အရေးထဲ မီးခြစ်ဆံက တစ်ဆံလည်းမတောက် နှစ်ဆံလည်းမတောက်၊ အကြိမ်ကြိမ်ခြစ်မှ မီးရောင်ဟုတ်ခနဲ တောက်လာသည်။

ဝင်းကနဲလက်လာသော မီးရောင်က တစ်ခဏသာ။ ဘာကိုမှ ကွဲကွဲပြားပြားမမြင်လိုက်ရ။ နံရံထောင့်တွင် ထောင်ထားသော မီးခွက်ကို စမ်းလိုက်သည်။ ထားနေကျနေရာတွင် မရှိတော့ပါလား။

မီးခြစ်ဆံကို ကပျာကယာခြစ်၍ မီးရောင်ဖြင့် မျက်စိလျှင်လျှင်ရှာလိုက်ရာ ဘုရားစင်ပေါ်တွင် မီးခွက်ကို တွေ့လိုက်ရ၏။ မီးခွက်တွင် အသာမီးထွန်းပြီး ဖြာကနဲလက်လာသော မီးရောင်ဖြင့် အိမ်တွင်းသို့ ဝေ့ဝဲကြည့်မိ၏။

သူ့အသေအချာရှုပ်ပွထားခဲ့သော ပစ္စည်းများရှင်းလင်းလို့နေ၏။

မီးခွက်ကိုယူ၍ အိမ်တွင်းပတ်လည် ချောင်ကြားထက်အောက်အနှံ့လိုက်ရှာမိသော်လည်း လူရိပ်လူယောင်ကိုတောင် မမြင်လိုက်ရပေ။

www.burmeseclassic.com

www.burmeseclassic.com



ပို၍ထူးဆန်းအံ့ဩဖွယ်ကောင်းလှသည်မှာ အိမ်နောက်ဖေး တံခါးမှာ ပိတ်လျက်ရှိနေသည်ဖြစ်၏။

ခြေရာ လက်ရာလက်နှုလေးတောင်မကျန်ပဲ အိမ်ပေါ်သို့တက်ကာ အိမ်ရှင်းလင်းပေးသွားသော သူ၏အစွမ်းက အံ့မခန်းစရာပါပေ။ အိပ်မက်ထဲကလို နတ်သမီးတစ်ပါးပါးများ ဖြစ်နေမလား။ ဒါမှမဟုတ် မကောင်းဆိုးရွား ဝိညာဉ်တွေများလား။

ဘာပဲဖြစ်ဖြစ် အကြောင်းမဲ့သက်သက်လာလုပ်ပေးနေမှာ မဟုတ်ဘူး။ အကြောင်းတစ်ခုခုတော့ ရှိရမယ်။ ဘာအကြောင်းလဲ သူ့ဆီက ဘာလိုချင်နေတာလဲ။ သူနှင့်ဘယ်လိုများ ပတ်သက်နေတာလဲ။

မရေမရာတွေးရင်း သူခေါင်းရှုပ်လာမိသည်။ စိတ်လက်တို တောင်းစွာ ဒေါသတကြီးအော်မိ၏။

"ငါ့အိမ်ကို ခိုးကြောင်ခိုးဝှက်ဝင်ဝင်နေတာ ဘယ်သူလဲကွ။ သတ္တိရှိရင် ထွက်လာခဲ့စမ်းပါ။ ပုန်းမနေနဲ့ဟေ့။ အေး မီလို့ကတော့ မလွယ်ဘူးမှတ်။ ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်"

□ □ □

## အခန်း (၈)

ထိုနေ့ညက အိမ်ခိုးဝင်သူ နောက်တစ်ကြိမ်ထပ်လာမလားဟု အိမ်ချင်းယောင်ဆောင်ပြီး စောင့်ဖမ်းသော်လည်း ဘာမှထူးခြားမှုမရှိခဲ့၊ အိပ်ရေးပျက်တာသာ အဖတ်တင်သည်။

တစ်ညလုံး အိပ်ပျက်ခံကာ စောင့်ဖမ်းခဲ့ရသဖြင့် မနက်လင်းခါနီးမှ မှေးခနဲအိပ်ပျော်သွားမိသည်။

လန့်နိုးလာတော့ မိုးစင်စင်လင်း၍ နေချေပြီ။ သူ့စိတ်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ဓနေ့ကကိစ္စကို အခဲမကျေနိုင်သေးတနုံ့နုံ့နှင့် အခံရခက်နေသည်။ မိခါနီးမှ သီသီကလေး ကပ်လွဲသွားခဲ့တာ။ ဘယ်လောက်မခံချင်စရာ ကောင်းလှသလဲ။

တစ်ညလုံးလဲ တမှေးမှမအိပ်ရပဲစောင့်ဖမ်းခဲ့ပြီးပြီ။ ဘာမှ အကျိုးမထူးခဲ့။

ဘာပဲဖြစ်ဖြစ် သူကတော့နည်းနည်းလေးမှ စိတ်ပျက်အား လျှော့ခြင်းမရှိ။ မမိမိအောင်ဖမ်းမည်ဟု စိတ်ကူးထားသည်။

စိတ်ကူးထားသည့်အတိုင်း အကောင်အထည်ဖော်ရန် အိပ်ရာမှ ကမန်းကတန်းထကာ မျက်နှာသစ်လိုက်၏။ ညက ကျန်သည့်ထမင်း ကြမ်းနှင့် ဟင်းကျန်ကို တဝတပြစားလိုက်ပြီးနောက် မှတ်မှတ်ရရပင် ထမင်းအိုးနှင့် ဟင်းအိုးများကို ဆေးကြောကာ ထားခဲ့သည်။

အိမ်ကိုလည်း ပစ္စည်းများတမင်တကာရှုပ်ပွ၍ ထားလိုက်၏။ ပြီးနောက် လွယ်နေကျပလိုင်းကို ယူကာ တောထဲသွားရန် ပြင်သည်။ အိမ်တံခါးကိုလည်း စေ့၍သာစေ့ထားခဲ့လိုက်၏။



ခြံပြင်ဘက်ခပ်လှမ်းလှမ်းအထိ ထွက်သွားရန် အယောင်ပြပြီးမှ ခြံတွင်းသို့ တိတ်တဆိတ်ပြန်လည် ဝင်ရောက်လာခဲ့သည်။ အိမ်နှင့်ဘေးရှိ သစ်ပင်ပေါ်သို့ အသာတက်၍ ပုန်းကာအိမ်အခြေအနေကို တိတ်တိတ်ကလေး ချောင်းမြောင်းကြည့်ရှုနေမိသည်။

တော်တော်ကလေးကြာသည်အထိ စောင့်ကြည့်မိသော်လည်း ထူးခြားသည့်အရိပ်အယောင်ကိုမျှ မမြင်ရပေ။

သူစိတ်မရှည်စွာ စိတ်ပျက်လက်ပျက်ဖြင့် သစ်ပင်အောက်သို့ ဆင်းရန်ပြင်မိသည်။

ထိုအခိုက် အိမ်ထဲမှ လှုပ်ရှားသံသဲ့သဲ့ကို ကြားလိုက်ရ၍ အသေအချာထပ်မံ နားစွင့်ကြည့်မိသည်။

ထင်တဲ့အတိုင်းပါပဲ။ အိမ်ထဲမှာ လူရောက်နေပြီ။ ဝါးကြမ်းခင်းများနှင့်လျှောက်သံ တဖွပ်ဖွပ်နှင့် ကြားနေရသည်။ လှုပ်ရှားသွားနေသည့် အရိပ်များကို ခပ်ဟဟဖွင့်ထားမိသော ပြတင်းပေါက်မှ လှမ်းမြင်နေရ၏။

"ဒီတစ်ခါတော့ လုံးဝမလွတ်စေရဘူး"

www.burmeseclassic.com

www.burmeseclassic.com



အံကြိတ်ကာ တွေးရင်းသစ်ပင်ပေါ်မှ အမြန်ဆင်းလိုက်သည်
လောကြီးနေသည့်စိတ်ကြောင့် ရုတ်တရက်ဟန်ချက် ပျက်ကာခြေချော်
၍ သွားခဲ့သည်။ ဆွဲမိဆွဲရာလှမ်းဆွဲလိုက်သော်လည်း မမှီတော့
ရင်ထဲလှပ်ကနဲ ဟာကနဲအေးခနဲ။ သူ့ခန္ဓာကိုယ်နှင့် မြေပြင်တို့အရှိ
ပြင်းပြင်းထိခိုက်မိစဉ်မှာတော့ ပြင်းပြသည့်နာကျင်မှုကို အသဲခိုက်အောင်
ခံစားလိုက်ရ၏။ ထို့နောက်အမှောင်ထုထဲ လွင့်မျောသွားသလို သူဘာ
ကိုမှ မသိနိုင်တော့။

❐ ❐ ❐

## အခန်း (၉)

ထူးခြားဆန်းပြားသည့် အမွှေးနံ့တစ်မျိုး သူ့နှာခေါင်းထဲ
တိုးဝင်ရောက်နေသည်။ ရနံ့က သင်းသင်းပျံ့ပျံ့လေး ဘာနံ့မှန်းတော့
သူမခန့်မှန်းတတ်ပေ။

မွှေးမြသော ရနံ့ကို ရှူရှိုက်မိရင်း သူလက်တစ်ဖက်ကို တစ်စုံ
တစ်ယောက်က ဖျစ်ညှစ်ဆုပ်ကိုင် နှိပ်နယ်ပေးနေသည်ကိုလည်း သတိ
ထားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တဆက်တည်း သူခြေထောက်များဆီမှာ ပြင်းပြသည့် နာကျင်မှုကိုပါ ခံစားသိရှိလိုက်ရ၏။ လေးလံနေသောပါးစပ်မှ တကျွတ်ကျွတ်စုတ်သပ်ညည်းညူရင်း သူမျက်ဝန်းများကို အားယူ၍ ဖွင့်ကြည့်မိသည်။

မျက်ခွံများလေးလံလွန်းပါဘိ။ စူးရှသည့်အလင်းတန်းကြောင့် မျက်တောင်များ ပုတ်ခတ်ပုတ်ခတ်လုပ်ကာ အားယူကြည့်မိသည်။

အမြင်ကဝိုးတဝါး။ သူ့နံဘေးတွင် လူတစ်ယောက်ထိုင်နေသည့် ပုံရိပ်သဏ္ဌာန်က မသဲမကွဲ။ မျက်ဝန်းများကို ပြန်လည်မှေးမှိတ်လိုက်ပြီး နောက်တစ်ခါ အားယူ၍ ထပ်ကြည့်မိသည်။

သူ့အမြင်အာရုံထဲပုံရိပ်သဏ္ဌာန်ကို တဖြည်းဖြည်းသဲကွဲစွာ မြင်လာရသည်။

သူ့နံဘေးတွင် ထိုင်နေသူမှာ သိပ်ကိုလှပသည့် မိန်းကလေးတစ်ယောက်ဖြစ်နေသည်။ သူမက သူ့ကိုစိုးရိမ်ပူပန်သော မျက်ဝန်းများဖြင့် ငေးကာကြည့်နေ၏။



တခါမျှ မမြင်ဖူးသည့် တစိမ်းတရံမိန်းကလေး တစ်ယောက်ကို မြင်လိုက်ရ၍ ရုတ်တရက်အံ့အားသင့်ကာ မှင်သက်သွားမိသည်။ မျက်လုံးအပြူးသားဖြင့် အကြောင်သားငေးစိုက်ကြည့်နေမိပြီး အတန်ကြာမှ သူသတိပြန်ဝင်လာကာ အလန့်တကြားမေးမိသည်။

"မင်းဘယ်သူလဲ"

မိန်းကလေးက သူသတိပြန်ရလာ၍ ဝမ်းသာပုံရနေသော်လည်း သူ့အမေးကို ပြန်အဖြေမပေးဘဲ သူ့ကိုစိုက်ငေးကာ ဆက်ကြည့်နေ၏။

"မင်းဘယ်သူလဲလို့ မေးနေတယ်လေ"

မိန်းကလေးက မျက်လွှာချသွားသည်။ ဘာစကားတစ်ခွန်းမှ မဆိုပါ။

"ငါ့အိမ်ထဲကို ဝင်ပြီး အိမ်တွေရှင်း ထမင်းတွေချက်ပေးနေတာ မင်းမှတ်လား"

ထိတ်လန့်တုန်လှုပ်နေသော မျက်ဝန်းများဖြင့် ငေ့ခနဲ သူ့ထံ

www.burmeseclassic.com

www.burmeseclassic.com



သို့ လှမ်းကြည့်လာ၏။ သူလေးသံအနည်းငယ် မာထန်သွားခြင်းကြော
ဖြစ်မည်။

"ဖြေလေ"

သူလေသံက ပို၍ဆတ်သွား၏။ မိန်းကလေးက အထိတ်တ
လန့်လေး ခေါင်းညိတ်ပြလာ၏။

"ဘာလဲ…မင်းစကားမပြောတတ်ဘူးလား"

သူ့အမေးက ဒေါသသံပါစွက်လာ၏။ မိန်းကလေး၏ ခန္ဓ
ကိုယ်လေးဆတ်ခနဲ တုန်သွားကာ သူ့ကိုမဝံ့မရဲဖြင့် ဖွေကြည့်လာ၏
အို…သူမ မျက်ဝန်းမှာ မျက်ရည်စတွေနဲ့ပါလား။ သူမ
ကြောက်နေရှာတာဖြစ်မည်။ သူစိတ်ကို တထစ်လျှော့ချလိုက်ကာ
လေသံကို ပြောင်းကာ ထပ်မေးမိသည်။

"မိန်းကလေး မင်းစကားမပြောတတ်ရင်လဲ ငါမေးတာကို
ခေါင်းညိတ်ခေါင်းခါလုပ်ပြ ဟုတ်လား"

မိန်းကလေးက မျက်တောင်တဖျပ်ဖျပ်ခတ်ကာ မျက်ရည်
များ သိမ်းလိုက်ပြီးနောက်



"ကျွန်မစကားပြောတတ်ပါတယ်။ ကျွန်မနာမည်
မြစိမ်းနွယ်ပါ" သူအံ့သြသွားရသည်။ တစ်ချိန်လုံးနှုတ်ဆိတ်နေခဲ့တဲ့
မိန်းကလေးပြောမှ ပြောတော့လဲ တည်ကြည်ရဲရင့်လို့။

"မင်းဘာကြောင့် ငါ့အိမ်ထဲ ဝင်ဝင်နေတာလဲ"

"ကျွန်မ ရှင့်ကို ကူညီပေးချင်လို့ပါ"

"ဘာကြောင့်လဲ"

"ကျွန်မ ရှင့်ကိုကူညီလုပ်ကိုင်ပေးနေတာဟာ အကြောင်းပြချက်
မရှိပါဘူး။ ကျွန်မရဲ့ စေတနာကြောင့်လို့ပဲ မှတ်ထားလိုက်ပါရှင်"

"ငါမင်းကို စောင့်ဖမ်းနေတာကြာပြီ။ ဘယ်လိုမှ ဖမ်းမမိဘူး။
မင်း ငါ့အိမ်ထဲ ဘယ်လိုဝင်လာပြီး ဘယ်လိုပျောက်သွားတာလဲ"

မိန်းကလေးက အသိရခက်စွာ ပြုံးလိုက်ပြီး

"ဒါတော့ ရှင်ဘက်က ပေါ့ဆလို့ဖြစ်မှာပေါ့ရှင်"

"မင်းက နတ်သမီးတော့ မဟုတ်ပါဘူးနော်"

မိန်းကလေးက သူ့ကိုအံ့သြသလို စိုက်ကြည့်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဟက်ဟက်ပက်ပက်ရယ်သည်။ သူမရယ်သံက ချိုချိုလွင်လွင်လေး။

"ရှင်က ကျွန်မကို ဖမ်းမမိလို့ ကိုယ်ရောင်ဖျောက်နိုင်တဲ့ နတ်သမီးလို့ ထင်နေတာကိုး။ မဟုတ်ရပါဘူးရှင်"

"ဒါဆို မင်းက လူပေါ့နော်"

"ကျွန်မအကြောင်းတွေကို သိပ်မမေးပါနဲ့လား။ မသိချင်ပါနဲ့လားရှင်"

သူမ၏စကားက နောက်ထပ်ဆက်မမေးအောင် ဟန့်တားသည့် သဘောမျိုးပါဝင်နေသည်မို့ သူထပ်မမေးမိတော့ပေ။

ချောမွတ်လှပသည့် သူမမျက်နှာလေးကိုသာ ငေးကြည့်နေမိပါတော့သည်။

❐ ❐ ❐

## အခန်း (၁၀)

သစ်ပင်ပေါ်မှ လိမ့်ကျခဲ့သည့်အရှိန်ကြောင့် သူ့ခြေထောက်နှစ်ဖက်စလုံး အောင့်မျက်ကာ နာကျင်နေ၍ လမ်းမလျှောက်နိုင်ပဲ အိပ်ရာထဲလှဲနေရသည်မှာ သည်နေ့ဆို တစ်ပတ်တောင်ရှိသွားပြီဖြစ်၏။

သူ့အိပ်ရာထဲလဲစဉ် တစ်လျှောက်လုံး ဟိုမိန်းကလေးကပင် သူ့ကို အစစအရာရာ ပြုစုလုပ်ကိုင်ပေးခဲ့သည်။

နောက်တစ်နေ့ တစ်နေ့ခင်းလုံး သူမပျောက်နေတတ်ပြီး ညနေ

www.burmeseclassic.com

www.burmeseclassic.com



မှောင်စပျိုးနေပြီဆိုတာနှင့် သူမရောက်လာတတ်သည်။ သူမှာသာ တစ်နေ့လုံးတစ်ယောက်တည်း ပျင်းပျင်းရိရိရှိနေတတ်ပြီ။ နေဝင်မှောင် စပျိုးချိန်ကိုသာ အမျှော်ကြီးမျှော်နေမိတော့သည်။

နေဝင်သွားတော့ မှောင်ရိပ်က တဖြည်းဖြည်းသန်းလာ၏။ အိမ်ထဲတွင် မှောင်တိမဲမဲမို့ မီးခွက်ထွန်းရန် ထရံထောင့်နားရှိ မီးခွက်ဆီသို့ ဖင်တရွတ်တိုက်ဆွဲကာ သွားလိုက်ပြီး မီးညှိလိုက်သည်။

မီးခွက်ယူ၍ ထရံထောင့်တွင် ထားထားသော ခွေးခြေခုံပုလေးပေါ်သို့ တင်လိုက်လျှင် မီးခွက်မှ အလင်းရောင်မှာ အိမ်တွင်းသို့ ဖြာကနဲ လင်းသွားလေတော့သည်။

မီးထွန်းပြီး၍ နောက်သို့အလှည့် ရုတ်တရက်သူထိတ်ခနဲဖြစ်ကာ လန့်သွားမိသည်။

မီးရောင်အောက်တွင် မြင်လိုက်ရသည်က သူ့ကိုပြုံးပြုံးလေး စိုက်ကြည့်နေသော မမြစိမ်းနွယ်ပါပေ။

"မမြစိမ်းနွယ်…အသံမပေးဘာမပေးနဲ့ ဘယ်တုန်းက ရောက်နေတာလဲ"



မမြစိမ်းနွယ်က လွင်လွင်ကလေးရယ်လိုက်ပြီး

"ဘာလဲ လန့်သွားပြီလား။ ရှင့်ကိုလန့်အောင်စချင်လို့ အသံမပေးဘဲ ဝင်လာတာလေ။ ရှင်မီးထွန်းနေကတည်းက ရောက်နေတာ"

"ဟောကြည့် မမြစိမ်းနွယ်က လုပ်ပြီ။ ကျုပ်မှာ မမြစိမ်းနွယ် ရောက်လာတာလဲ မသိရဘူး။ ပြန်ထွက်သွားရင်လဲ အိပ်ပျော်နေလို့ မသိရဘူးနော်။ အဲဒါဘာဖြစ်လို့လဲဟင် ကျုပ်ကို မသိစေချင်တာများ လားဟင်"

"ဒါကတော့ မမြစိမ်းနွယ် ရောက်လာတဲ့အချိန်ကို ရှင်က မမြင်မိဘူး။ မနက်ကျတော့လဲ ရှင်အိပ်ပျော်နေတော့ မမြစိမ်းနွယ် ထွက် သွားတဲ့ အချိန်ကို မသိလိုက်ဘူးပေါ့"

"နောက်ဆို မမြစိမ်းနွယ်ပြန်ရင် ကျုပ်ကိုနိုးသွားပေါ့"

"ရှင်အိပ်ရေးပျက်မှာစိုးလို့ပါ"

စကားသံတွေ ခဏတော့တိတ်ဆိတ်သွားသည်။ ထို့နောက် ကံထူးက သက်ပြင်းကို ခပ်လေးလေးချလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"မမြစိမ်းနွယ်"

"ရှင်"

"မမြစိမ်းနွယ်က မမြစိမ်းနွယ်အကြောင်းတွေကို မမေးပါနဲ့လို့ ပြောထားပေမဲ့ ကျုပ်ကတော့သိချင်စိတ်ကို မအောင့်နိုင်တော့ဘူး။ ဟိုလေ မမြစိမ်းနွယ်က ဒီရွာက မဟုတ်ဘူးနော်"

"မဟုတ်ပါဘူး"

မမြစိမ်းနွယ်က လေသံသဲ့သဲ့ဖြင့် ဖြေ၏။

"ဒါဆို မမြစိမ်းနွယ်က ဘယ်မှာနေတာလဲဟင်။ မနက်ဆို ပြန်ပြန်သွားတာ ဘယ်ကိုပြန်သွားတာလဲဟင်"

မမြစိမ်းနွယ်က သက်ပြင်းကို ဟင်းကနဲချသည်။ သူ့ကိုဘေးတ စောင်းလေးလှည့်ကြည့်သည်။ ပြီးမှ မလွှဲသာ၍ ပြောရသည့်လေသံမျိုး ဖြင့် ဆိုသည်။

"ကျွန်မက တောထဲမှာနေတာလေ။ ကျွန်မအိမ်က တောထဲမှာ ကျွန်မ မနက်မနက်ကျရင် ကျွန်မအိမ်ကို ပြန်နေတာ"



"ဟင်…မမြစိမ်းနွယ်အိမ်က တောထဲမှာဟုတ်လား။ ဟို မမြစိမ်းနွယ်က ဘယ်သူနဲ့ နေတာလဲဟင်"

သူက သိချင်ဇောဖြင့် မေးခွန်းတွေဆက်မေးမိသည်။ မမြစိမ်းနွယ်က စိတ်မသက်မသာအမူအရာနှင့် ပြုံးသည်ပြီးမှ သူ့ကို နောက်ထပ်ဆက် မမေးအောင် ဟန့်တားသည့် ခပ်စိမ်းစိမ်းလေသံဖြင့် ပြော၏။

"ကျွန်မ ဒီလောက်ပဲပြောနိုင်ပါတယ်။ ရှင်ထပ်မသိချင်ပါနဲ့တော့"

သူမလေသံက ခပ်တိုးတိုး။ ခေါင်းငိုက်စိုက်ချကာ ပြောနေခြင်းဖြစ်သည်။

ခဏတော့ ဘယ်သူမှ ဘာမျှမပြောမိကြ။ မမြစိမ်းနွယ်က နှုတ် ခမ်းကိုခပ်ဖွဖွကိုက်ကာ ငြိမ်သက်နေသည်။

ကံသူးက မမြစိမ်းနွယ် မပြောမှန်းသိ၍ ထပ်မမေးတော့ရန် ဆုံးဖြတ်လိုက်ပြီး စိတ်လျှော့လိုက်ဟန်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ မမြစိမ်းနွယ် မဖြေချင်မှတော့ ထပ်မေးမနေ
တော့ပါဘူးဗျာ"

ထိုအခါကျမှ မမြစိမ်းနွယ်ထံမှ ရွှင်ရွှင်ပျပျဖြင့် စကားသံထွက်
လာသည်။

"ဟိုလေ ရှင်ထမင်းမစားရသေးဘူးမဟုတ်လား။ ကျွန်မ
ထမင်းပွဲ ပြင်လိုက်တော့မယ်နော်...ပြီးရင် ရှင့်ခြေထောက်ကို ဆေးထည့်
ပေးရဦးမယ်လေ။ မနက်က ကျွန်မချက်ပေးထားတဲ့ ဟင်းတွေ ရှိသေး
တယ်မဟုတ်လား။ ဟင်းတွေက အေးနေလောက်ပြီပေါ့ ရှင်ခဏစော
ဦးနော် ကျွန်မဟင်းတွေ ပြန်နွေးလိုက်ဦးမယ်"

မမြစိမ်းနွယ်က ပါးစပ်မှ စကားတတွတ်တွတ်ပြော
အိမ်နောက် ဖေးသို့ ဖျိုးဖျိုးဖျတ်ဖျတ်ဝင်သွားပြီး ဟင်းနွေးနေသည်

တအောင့်ကြာတော့ အငွေ့တထောင်းထောင်းထနေသော
ထမင်းပွဲက အဆင်သင့်။ မမြစိမ်းနွယ်က ခပ်ပြုံးပြုံးပြောလာ၏

"ထမင်းစားလို့ရပါပြီရှင်"



နှစ်ယောက်သား ထမင်းလက်စုံစားကြတော့ မမြစိမ်းနွယ်
အကြောင်း ခေါင်းထဲရောက်နေမိသော မရေမရာအတွေးတို့ ဟိုးအဝေး
သို့ လွင့်စင်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

အချိန် နှစ်ပတ်မျှကြာခဲ့ပြီဖြစ်၍ သူ့ခြေထောက်ဒဏ်ရာမှာ အတော်ကလေး သက်သာလာခဲ့ပြီဖြစ်၏။

မမြစိမ်းနွယ်မရှိသော နေ့ခင်းဘက်များတွင် ခြံဝင်းအတွင်းသို့ ဟိုနားသည်နား လမ်းလျှောက်နိုင်လောက်သည်အထိ သူ့ဒဏ်ရာမှာ တိုးတက်ကောင်းမွန်လာခဲ့ပေပြီ။ ထိုအကြောင်းကိုတော့ မမြစိမ်းနွယ်မသိ အောင် ဖုံးဖိထားခဲ့ရပေမည်။



မမြစိမ်းနွယ်က သူမကြောင့် ဒဏ်ရာရခဲ့သည်ဟု ထင်မှတ်ပြီး သူ့ကိုလာရောက်ပြုစုလုပ်ကိုင်ပေးနေခဲ့တာ။ သူ့ဒဏ်ရာပျောက်ကင်း သက်သာနေတာကို သိရင်တော့ သူမသူ့ထံလာတော့မည်မဟုတ်ပေ။

ဘာရယ်မသိ သူ့စိတ်ထဲ မမြစိမ်းနွယ်မလာတော့မှာကို စိုးကြောက်နေမိသည်။ သူမ၏ မျက်နှာလှလှလေး၊ သူမစကားသံ၊ သူမအပြုအမူတွေ တစ်ရက်ကလေးမမြင်ရရင်တောင် သူ မနေတတ်တော့။ မမြစိမ်းနွယ် မရှိသည့် တစ်နေ့ခင်းလုံး လွမ်းသလိုလိုဘာလိုလိုနှင့် နေမထိထိုင်မသာ ဖြစ်နေတတ်သည်။

မှောင်စပျိုးချိန်ရောက်လာသည်နှင့် သူ့အလိုလိုရွှင်မြူးလာသည်။ မမြစိမ်းနွယ်၏ မျက်နှာကို မြင်ရတော့မှ သူ့စိတ်ထဲငြိမ်းချမ်းသွား ရသလိုပင်။

ရင်းနှီးခဲ့ရသည့်အချိန်သည် သိပ်ကိုတိုတောင်းလွန်းခဲ့ပေမယ့် တွယ်ညိခဲ့သည့် သံယောဇဉ်ထုထည်ကတော့ ကြီးမားနိုင်ခဲ့၍ နေလေပြီ။ မမြစိမ်းနွယ်ကို သူချစ်မိနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအသိက သူ့ရင်ကို လှိုက်ကနဲဆူပွက်လာစေသည်။ မမြစိမ်းနွယ်ကို ဖွင့်ပြောလိုက်လို့ မမြစိမ်းနွယ်သူ့ကို ငြင်းလိုက်ရင် ဘယ်နှယ့်လုပ်မလဲ။

ဒါကိုတော့ သူစိုးထိတ်မိသလို မငံ့မရဲဖြစ်နေမိပြန်၏။ ဖွင့်ပြောလိုက်လို့ လက်ခံတန်ကောင်းပါရဲ့။ ဒါမှမဟုတ် စိတ်ဆိုးပြီး နောက်မလာတော့ရင် သူပဲလွမ်းပြီးကျန်ခဲ့ရမှာ။ မမြစိမ်းနွယ်အကြောင်းလဲ သူဘာမှ ရေရေရာရာသိတာ မဟုတ်။

"ရင်မောရပါလား မမြစိမ်းနွယ်ရယ်"

သက်ပြင်းလေးရှိုက်ကာ ရေရွတ်မိလိုက်သည်။ ထိုအခိုက် မမြစိမ်းနွယ်ရောက်လာ၏။

"ဘာတွေများ ရင်မောနေရတာလဲရှင်"

အလစ်အငိုက်မို့ သူမလုံမလဲ ရှက်၍ထူပူသွားမိသည်။

"ဟို...ဘာမှမဟုတ်ပါဘူး။ ကျုပ်ခြေထောက်က ဒဏ်ရာသက်သာသွားရင် မမြစိမ်းနွယ် မလာတော့မှာကိုတွေးပြီး ရင်မောနေမိတာ"



မျက်နှာအပျက်ပျက်အယွင်းယွင်းဖြင့် အထစ်ထစ်အငေါ့ငေါ့ပြောနေသော သူ့ကို အံ့သြသလိုစူးစိုက်ကြည့်၍ မမြစိမ်းနွယ်၏ မျက်နှာ ပြုံးမြမြလေး ဖြစ်လာ၏။

"မမြစိမ်းနွယ် မလာတော့မှာကို ဘာလို့တွေးပူနေရတာလဲ"

"ဟို...လေ အဲဒါက ဟို ဟို"

အပြောရခက်သလို ထစ်ထစ်အအဖြစ်နေသော သူ့ကိုကြည့်၍ မမြစိမ်းနွယ်က ခပ်ဟဟလေး ရယ်ပါတော့သည်။

"မမြစိမ်းနွယ်က ရှင့်ခြေထောက် ဒဏ်ရာမရခင်ကတည်းက ရှင့်ကို လာကူညီပေးနေတယ်ဆိုပေမယ့် ရှင့်ခြေထောက်ဒဏ်ရာ သက်သာရင်တော့ ဆက်လာသင့်မလာသင့် စဉ်းစားရလိမ့်မယ်ရှင့်"

"ဟင်...ဘာဖြစ်လို့လဲ မမြစိမ်းနွယ်ရယ်"

"ဘာဖြစ်ရမှာလဲ ဟိုတုန်းကရှင်မသိအောင် တိတ်တိတ်ကလေး အိမ်အလုပ်တွေလာလုပ်ပေးနေတာ။ ခုရှင်သိသွားတော့လဲ ရှင့်ခြေထောက်က ဒဏ်ရာနဲ့မို့လို့ဆက်ပြီး ကူညီပေးနေတာ။ ဒဏ်ရာပျောက်

www.burmeseclassic.com

www.burmeseclassic.com



သွားရင်တော့ မမြစိမ်းနွယ်မလာသင့်တော့ဘူးထင်တယ်လေ။ ဒါနဲ့ ရှင် ဒဏ်ရာသက်သာနေပြီလား”

“မသက်သာသေးပါဘူး ခြေထောက်က ထောက်လို့တောင် မရသေးဘူး မမြစိမ်းနွယ်ကို အားနာလိုက်တာ။ ကျုပ်ဒဏ်ရာကပျောက်ဖို့ တော်တော်လိုသေးတယ်ဗျ အား…အနာကကိုက်လိုက်တာ မမြစိမ်းနွယ် ရယ်…အား”

သူကဟန်မူပိုပိုလေး လိမ်ညာလှည့်ဖျားလိုက်တော့ မမြစိမ်းနွယ် က တကယ်ယုံသွားဟန်ဖြင့် စိုးရိမ်တကြီးဖြစ်သွားသည်။

“ဟင်…အရမ်းနာနေလားဟင် လာ ဒါဆို အိမ်ပေါ်တက်ရအောင် အနာကိုဆေးလူးရမယ် လာလာ မမြစိမ်းနွယ့်ကိုတွဲ”

ကွပ်ပျစ်ပေါ်ကနေ မမြစိမ်းနွယ်ကိုတွဲ၍ အိမ်ထဲသို့ ဝင်လာခဲ့သည်။ အိမ်ပေါ်ရောက်တော့ မမြစိမ်းနွယ်က သူ့ကိုအသာချ၍ ဖျာပြေးခင်းကာ လှဲစေလိုက်သည်။

“ရှင်လှဲနေလိုက် ရှင်ခြေထောက်ကို ကျွန်မဆေးလူးပေးမယ်”



မမြစိမ်းနွယ်က ပြောပြောဆိုဆိုဖြင့် သူ့ခြေထောက်ကို ကိုင်ကာ ဆေး လူးပေးလေ၏။

စိတ်ရှည်လက်ရှည်ဖြင့် တယုတယဆေးလူးပေးနေသော မမြစိမ်းနွယ်ကိုကြည့်၍ သူမ ချင့်မရဲဖြစ်လာမိသည်။

“မမြစိမ်းနွယ် ကျုပ်ခြေထောက်က ဒဏ်ရာသက်သာသွားရင် တကယ်ထွက်သွားတော့မှာလားဟင်”

BURMESE CLASSIC .com

မမြစိမ်းနွယ်အံ့သြနေဟန်ဖြင့် သူ့ကိုကြည့်သည်။ ပြီးမှသဘော ပေါက်သွားဟန်ဖြင့်

“ကြည့်စမ်း ရှင်ဒဏ်ရာသက်သာနေရက်နဲ့ ညာပြောတာပဲ”

မထူးတော့ပြီမို့ သူလည်းစိတ်ထဲရှိရာ ပြောချလိုက်မိသည်။

“ကျုပ်လေ မမြစိမ်းနွယ်ထွက်သွားမှာ ကြောက်လို့ပါ။ ကျုပ် မမြစိမ်းနွယ်ကို ကျုပ်မမြစိမ်းနွယ်ကို ချစ်တယ်”

“အို”

မမြစိမ်းနွယ်က ရှက်ရွံ့သလိုရှေ့ရှတ်ရင်းနေရာမှ ထထွက်ရန် ပြင်သည်။ ရုတ်တရက် မမြစိမ်းနွယ်ထွက်ပြေးပြီအမှတ်နှင့် မမြစိမ်းနွယ်

www.burmeseclassic.com

www.burmeseclassic.com



လက်ကို ဆတ်ခနဲ ဖမ်းဆွဲထားလိုက်မိသည်။

လှမ်းဆွဲလိုက်သည့် အရှိန်က ပြင်းသွားသည်ထင် မမြစိမ်းနွယ်၏ ကိုယ်လေးသူ့ရင်ခွင်ထဲသို့ ဇွေခနဲကျရောက်လာလေ၏။

❐ ❐ ❐

## အခန်း (၁၂)

ခုဆို သူတို့နှစ်ယောက်၏ ချစ်မေတ္တာကပို၍ နက်ရှိုင်းခိုင်မာလာခဲ့ပြီ။ အချိန်တွေကြာလာသည်နှင့်အမျှ နှစ်ဦးသားသံယောဇဉ်နှောင်ကြိုးက တစစရစ်တိုးခိုင်ခန့်လာ၏။

သို့ပေမယ့် ခုထိမပြောင်းမလဲရှိနေဆဲကတော့ မမြစိမ်းနွယ်မှာမနက်ပြန်ညလာအလုပ်ကို ဆက်၍လုပ်နေဆဲပင်။ ထိုကိစ္စကို ကံထူးက သိပ်မကျေနပ်ချင်လှ။ ဖွင့်ဟမေးတော့လည်း မမြစိမ်းနွယ်ထံမှ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြချက်အမျိုးမျိုးကိုသာကြားရသည်။

"မမြစိမ်းရယ် ဘာလို့ခုလိုနိုးကြောင်နိုးဝှက် နေနေရတာလဲဟင် ကိုယ်တို့နှစ်ယောက်အကြင်လင်မယားဖြစ်နေကြ တာကို ပတ်ဝန်းကျင် သိအောင် ပြောပြလိုက်တော့မယ်လေ"

"မလောပါနဲ့လားကိုရယ်။ အချိန်နည်းနည်းလောက်စောင့်ပါဦးနော်။ မမြစိမ်းဘက်က အဆင်သင့်မဖြစ်သေးလို့ပါ"

"ဘာကိုအဆင်သင့်မဖြစ်သေးတာလဲ မမြစိမ်းရယ်"

"ဟိုလေ…မမြစိမ်းရဲ့အသိုင်းအဝိုင်းကို ပြောပြဖို့ခက်ခဲနေသေးလို့ပါ"

"ဘာလဲမြစိမ်းရဲ့မိဘတွေက ကိုယ်နဲ့သဘောမတူလို့လား"

"အဲလိုလဲ မဟုတ်ပါဘူး။ မြစိမ်းသူတို့ကို အသိမပေးရဲသေးဘူး၊ အသိပေးလို့လည်း ဖြစ်မှာမဟုတ်ပါဘူး"

"ဟာ…မဟုတ်တာပဲ မြစိမ်းရယ် ဒီလိုဆိုရင် ကိုယ်တို့နှစ်ယောက်က ဒီလိုပဲဆက်နေကြတော့မှာလား"



"ခုလောလောဆယ်တော့ ဒီအခြေအနေတိုင်းလေးပဲ ဆက်နေတာ အကောင်းဆုံးပါပဲ ကိုရယ်နော်။ မြစိမ်းကိုချစ်ရင် မြစိမ်းအဖြေရခက်တဲ့ စကားတွေ ဆက်မမေးပါနဲ့လားဟင်"

မြစိမ်းက တောင်းပန်သလိုလေးပြောတော့ သူရှေ့ဆက်ပြောရမည့်စကားတို့ တန့်သွားသည်။

မြစိမ်းရယ် ခုထိလျှို့ဝှက်နေတုန်းပဲလားကွာ။

သက်ပြင်းမောကိုရှိုက်ရင်း မြစိမ်းကို ခပ်တင်းတင်းပွေ့ဖက်ထားမိသည်။

သူ့ရင်ခွင်ထဲ၌ မြစိမ်းက ငြိမ်သက်စွာရှိနေ၏။

"ဒီအိမ်လေးထဲမှာပဲ ဒီလိုပဲနေတော့မှာလားဟင်။ အပြင်လေးထွက်ပြီး ဟိုဟိုဒီဒီလျှောက်မလည်ချင်ဘူးလား"

"ဟင့်အင်း မလည်ချင်ပါဘူး အခုလိုရှင်နဲ့အတူတူ နေရတာကိုပဲ မြစိမ်းစိတ်ချမ်းသာလှပါပြီ"

မြစိမ်းက တိုးတိုးလေးပြောရင်း သူ့မျက်နှာကို မော့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လာ၏။

"မြစိမ်းတို့နှစ်ယောက်အကြောင်းကို ဘယ်သူ့ကိုမှ မပြောပါနဲ့ဦးနော်"

"အချိန်မတန်သေးလို့လေ။ အချိန်တန်ရင်သိလာရမှာပေါ့ကွယ်"

"အင်းပါ…မြစိမ်းသဘောပဲလေ"

သူက သိပ်သဘောမကျပေမဲ့ မြစိမ်းစိတ်ကျေနပ်အောင်တော့ ကတိပေးမိခဲ့သည်။ တန်လာမဲ့အချိန်ကိုပဲ စောင့်ရတော့မှာပေါ့လေ။

□ □ □

## အခန်း (၁၃)

ဒီနေ့တော့ ထူးထူးဆန်းဆန်း သူ့အိမ်သို့ သူ၏အပေါင်းအသင်းများရောက်လာကြသည်။

"ဟာ…ဟိတ်ကောင်တွေ လူစုံတက်စုံပါလား။ ဘာလာလုပ်ကြတာလဲ"

ကံထူးက လှမ်းအော်ကာ နှုတ်ဆက်လိုက်၏။

"မင်းကို မတွေ့ရတာကြာလို့ဟ ပျောက်ချက်သားကောင်းလှချည်လားကွ"

www.burmeseclassic.com

www.burmeseclassic.com



“ပျောက်ဆို ငါသစ်ပင်ပေါ်က ပြုတ်ကျတာခြေထောက်မျက်သွားတာနဲ့ ဘယ်မှမသွားနိုင်ဘူး။ အိမ်ထဲမှာ နေနေရတာ တစ်လလောက်ရှိနေပြီ။ မင်းတို့ကလည်း ခုမှပေါ်လာကြတော့တယ်နော်။ သတင်းလေးဘာလေးတောင်လာမေးဖော်မရဘူး”

“အေး ငါတို့က မင်းကိုသတိရပါတယ်ကွာ။ တစ်နေ့တစ်နေ့ အလုပ်မအားနဲ့ပဲ ဒီဘက်ရောက်မလာဖြစ်ဘူး။ မင်းလိုစားရေးသောက်ရေး ပူပင်စရာမရှိတဲ့သူမဟုတ်ဘူးဟေ့။ လက်လှုပ်မှပါးစပ်လှုပ်ရတာ။ ကိုယ့်အလုပ်နဲ့ကိုယ် တစ်နေ့တစ်နေ့ယားလို့တောင်မကုတ်အားပါဘူးကွာ”

“ကဲ…ခုဘယ်လိုလဲ ခြေထောက်က သက်သာရဲ့လား”

“ခြေထောက်က သက်တော့သက်သာနေပါပြီ။ ကျူပ်လဲ မနက်ဖြန်တောဝင်မလားလို့ စဉ်းစားနေတာ”

“အေး ကောင်းတာပေါ့ကွာ”

သူငယ်ချင်းအပေါင်းအသင်းတွေစုံတော့ တစ်ယောက်တစ်ပေါက်ဝိုင်းပြောကြရင်း သောသောညံလျှက်ရှိနေ၏။



“ဒါနဲ့ကြားပြီးပြီလား။ ဖိုးမြ မိန်းမသွားတောင်းတဲ့ကိစ္စလေ”

“မကြားပါဘူး။ ဖိုးမြတောင် စွံတော့မှာပေါ့ ပြောစမ်းပါဦးဗျ ဘယ်ကကောင်မလေးနဲ့လဲ”

“ဟိုဘက်ရွာက ရွှေမိပေါ့”

“ရွှေမိဆိုတာ ကွမ်းတောင်ကိုင်ပန်းတောင်ကိုင် သူကြီးသမီးမဟုတ်လား”

“ဟုတ်တယ်လေ အဲဒီကောင်မလေးနဲ့ ဖိုးမြမေတ္တာမျှနေတာကြာပြီ။ ခု ဖိုးမြက လူကြီးစုံရာနဲ့ သွားတောင်းပြီးပြီ။ ရွှေမိအဖေ သူကြီးကလဲ သဘောတူလိုက်တယ်တဲ့”

“ဟာ ဖိုးမြတစ်ယောက် ထီပေါက်ပြီပေါ့”

“အေးပေါ့ကွာ အဲဒီကောင်မလေးရဲ့လှချက်က စက်စက်ကိုယိုနေတာပဲတဲ့။ သူ့ရွာက ကာလသားတွေဆို အသေအလဲဝိုင်းပိုးကြတာ။ ဘယ်သူ့မှမရဘူး။ တို့ရွာက ဖိုးမြကိုမှ ကောင်မလေးက မေတ္တာဝင်နဲ့ပြန်တာတဲ့”

www.burmeseclassic.com



"ဒါဆို ဖိုးမြကံကောင်းတာပေါ့"

"အေးပေါ့ကွာ မိန်းမချောလေးရမယ်ဆိုတော့ ဒီကောင်ငါးရဲ့ ပြာလူးသလို ဖျပ်ဖျပ်လူးနေတော့တာပေါ့ဟ"

တစ်ယောက်တစ်ပေါက်ဖြင့် ချီးကျူးပြောဆိုသံများကို ကြားတော့ ကံထူးပြုံးလိုက်မိသည်။

"အဲဒီလောက်လဲ အချောကြီး မဟုတ်ပါဘူးဗျာ"

သူဝင်ပြောတော့ သူ့ကိုအားလုံးက ဝိုင်းကြည့်လာသည်။

"အောင်မာ မင်းမြင်ဖူးလို့လား"

"ရွှေမိများ ဟိုနှပ်ချေးတွဲလောင်း ကလေးဘဝလေးထဲက မြင်ဖူးတယ်။ ခုမှသူ့အဖေသူကြီးအရှိန်နဲ့ သူကြီးသမီးဆိုပြီး ကွမ်းတောင် ယန်းတောင်တွေကိုင်ရတာ အဲလောက်မလှပါဘူး။ သွားလေးကလည်း မသိမသာခေါ်နေသေးတယ် မလှပါဘူးဗျာ"

"အောင်မာ မင်းကများပြောရသေးတယ်။ မင်းတောင်မှ ဖိုးမြလိုစွံလို့လား။ ခုထိကြိုက်မပယ့်သူမရှိလို့ အသက်ငယ်ငယ်နဲ့ လူပျို



ကြီးဖြစ်နေတာမှတ်လား"

"ဟုတ်ပ ကံထူးတို့များ ရုပ်ကလေးက သနားကမားရှိချင် ရက်နဲ့ ဘယ်အပျိုကမှ မမြင်ကြပါလားကွယ်"

"ဟော့ မောင်ကံထူး ဘာမှအားမငယ်နဲ့နော် ရွာတောင်ပိုင်းက အပျိုကြီးမတင်လှကတော့ မင်းကိုတမေးထဲမေးနေတယ်။ စိတ်ကူး မလွဲနဲ့နော်။ သူ့ကိုယ်တစ်ခုလုံး ရွှေတွေကိုညှတ်နေအောင် ဆင်ထားတာ။ သူ့ကိုပိုင်ရရင်တော့ မင်းတစ်ယောက်မပူရတော့ဘူး ဖူလုံသွားပြီမှတ်"

နိုင့်ချအထင်သေးသော စကားများတစ်ယောက်တစ်ပေါက် ဝိုင်းပြောလာကြတော့ သူရှက်တရက် စိတ်ထဲထောင်းခနဲ ခံပြင်းသွားမိ သည်။

သူ့ကိုများ အထင်တသေးပြောရက်လိုက်ကြတာ။

သူမှာသာ နတ်သမီးတမျှလှပတဲ့ မိန်းမရှိနေတယ်ဆိုတာ သိရင်ဖြင့် ဒင်းတို့ဘယ်လိုဖြစ်သွားကြမည်မသိ။

ပြောချင်စိတ်က ပါးစပ်ဖျား၌ သီးလာ၏။ မြစိမ်းကိုပေးထား သည့် ကတိကိုပြန်အမှတ်ရမိကာ ပြောချင်နေသည့်စကားလုံးများ ထွေနှင့်

www.burmeseclassic.com

www.burmeseclassic.com



တပိုးပြန်မျိုချကာ ဟန်မပျက်နေလိုက်ရတော့၏။

တစ်နေ့တော့ မင်းတို့သိလာမှာပေါ့ကွာ။ အဲဒီတော့မှ မင်းတို့အားလုံး ငါ့မိန်းမကို ရင်သပ်ရှုမောဖြစ်သွားစေရမယ်ဟေ့။

❒ ❒ ❒

## အခန်း (၁၄)

"မြစိမ်းရယ် ဒီနေ့လေကိုယ့်သူငယ်ချင်းတွေ ရောက်လာတယ်။ သူတို့ကကိုယ့်ကို မစွံဘူးသလေးဘာလေးနဲ့ ဝိုင်းနှိမ်ကြတော့ ကိုယ်လေ ပြောချင်လိုက်တာ ပါးစပ်ကိုယားနေတာပဲ။ ကိုယ့်မှာ နတ်သမီးလေးလို ချောတဲ့မိန်းမရှိတာကို သူတို့ကိုခေါ်ပြီးတောင် ပြလိုက်ချင်တယ် တကယ်ပဲ"

ညနေနေဝင်တာနဲ့ မြစိမ်းရောက်လာတော့ သူကမကျေမနပ်ဖြစ်နေတဲ့ ကိစ္စကို ရင်ဖွင့်တိုင်းတန်းမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကိုကြားတော့ မြစိမ်းက ထိတ်ထိတ်ပျာပျာဖြစ်သွားကာ

"အမလေး မပြောလိုက်ပါနဲ့နော် မပြောဘူးလို့ မြစိမ်းကို ကတိပေးထားတယ်မှတ်လား"

"ဟာ…မြစိမ်းကလည်း ကိုယ့်မိန်းမလှတာကို သူငယ်ချင်းတွေ ကြွားချင်သေးတာပေါ့"

"ဟင့်အင်းနော်…မပြောရဘူး ပေးထားတဲ့ကတိကို မဖျက်ပါနဲ့"

ကံထူးက သက်ပြင်းကိုရှိုက်သည်။ မြစိမ်းကို နားမလည်နိုင်သလိုငေး၍ ကြည့်၏။

"ဘာဖြစ်လို့လျှို့ဝှက်ထားချင်ရတာလဲကွာ"

"ဒီကိစ္စကို လူသိခံလို့မဖြစ်သေးဘူးကို။ လူတွေသိသွားရင် မြစိမ်းတို့နှစ်ယောက် ဝေးကြရလိမ့်မယ်။ မလောပါနဲ့ဦး ကိုရယ် အချိန်တန်ရင် သိလာကြမှာပေါ့"



မြစိမ်းက ဆွေးဆွေးမြည့်မြည့်လေး ပြောသည်။ ကံထူးသည် မျက်ရည်ရစ်ဝိုင်းနေသော မြစိမ်း၏မျက်လုံးများကို ကြည့်ရင်း ကြင်နာစိတ်ကကဲလာသည်။

"အင်းလေ မြစိမ်းမပြောစေချင်ရင် မပြောတော့ပါဘူးကွယ်"

မြစိမ်းက သူ့ကိုပြုံးပြုံးလေး စိုက်ကြည့်လာ၏။ ရှည်လျားကော့ညွတ်သော မျက်တောင်လေးများက မျက်ရည်စများကို ပုတ်ခတ်ပုတ်ခတ်လုပ်ကာ သိမ်းယူနေသည်။

"မြစိမ်းကို ချစ်ရတာ စိတ်ပျက်နေပြီးလားဟင်"

"ဘယ်လိုမေးလိုက်တာလဲကွာ။ ဘာဖြစ်လို့ စိတ်ပျက်ရမှာလဲ"

"မြစိမ်းက မြစိမ်းအကြောင်းတွေ ဘာမှမပြောဘဲ လျှို့ဝှက်ထားတော့ မြစိမ်းကို တဖြည်းဖြည်းစိတ်ပျက်နေပြီလားလို့"

"ချစ်ရင်အပြစ်မမြင်တော့ဘူး။ မြစိမ်းမသိစေချင်တဲ့ကိစ္စတွေ မသိရုံပဲပေါ့။ မြစိမ်းဟာ ဘယ်လိုအခြေအနေမျိုး၊ ဘယ်လိုလူမျိုးဆိုတာမသိရသေးပဲနဲ့ ကိုယ်ချစ်နိုင်ခဲ့တာပဲ။ နောက်လဲ ဆက်ချစ်သွားဦး

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ။ ဒါဟာ မပြောင်းလဲတဲ့ ကိုယ်ရဲ့သစ္စာစကားပဲ မြစိမ်း"

"ယုံပါတယ် ကိုရယ်။ ယုံပါတယ်"

မြစိမ်းက ကြည်ကြည်နူးနူးလေးပြော၏။ သူ့မျက်ဝန်း၌ မျက်ရည်များအိုင်းဖွဲ့လာပြန်သည်။

ထို့နောက် သူ့ရင်ခွင်ထဲပါးအပ်ကာ ရှိုက်ကြီးတငင် ငိုကြွေး၏။

"ဪ...ဘာလို့ငိုရပြန်တာလဲ။ မငိုပါနဲ့ကွယ်"

သူက အသာပြန်လည်ပွေ့ဖက်နှစ်သိမ့်ပေးမိသည်။ မြစိမ်းကတော့ ကိုယ်လေးတသိမ့်သိမ့်လှုပ်ကာ ရှိုက်၍ငိုကြွေးနေဆဲ။

❐ ❐ ❐

## အခန်း (၁၅)

ခြေထောက်ကဒဏ်ရာလည်း သက်သာပျောက်ကင်းလာပြီမို့ သူအလုပ်ကို ပြန်လည်လုပ်ကိုင်ရန် တောတွင်းသို့ဝင်ရတော့သည်။ ဒီနေ့ ရာသီဥတုကလည်း ကြည်လင်နေ၏။ တစ်လလောက်နားနေခဲ့ပြီးမှ တောထဲသို့ပြန်လည် စဝင်ရသောနေ့မို့လားမသိ လူကလန်းဆန်းတက်ကြွနေသလိုပင်"

သူ့ကိုမြင်တော့ သူငယ်ချင်းအဖော်များက ဝမ်းသာအားရနှုတ်ဆက်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်ကြီး အလုပ်စပြီလား"

"ခြေထောက်က ဒဏ်ရာရော သက်သာသွားပြီလား"

"ဟုတ်ကဲ့ သက်သာသွားပါပြီ"

"အေး မင်းရောက်လာပြီဆိုတော့ ငါတို့အတွက်တော့ ရင်လေးစရာပဲ မင်းကအတော်သွက်တဲ့ကောင်မဟုတ်လား။ အရင်က သစ်ခွတွေဆို မင်းလက်ချည်းပဲ"

"ဟုတ်ပါ့ ဟုတ်ပါ့ ဒီတစ်ခါတော့ ကျုပ်တို့ဦးအောင်သွားကြစို့။ ကံထူးရောက်လာပြီဆိုတော့ ကျုပ်တို့နေ့တွက်မကိုက်ဘဲ နေဦးမယ်"

တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းပြောဆိုကြပြီးနောက် တောတွင်းသို့ အလျင်ဦးအောင်ဝင်ကြ၏။

သူတို့အလုပ်က ဒီလိုပါပဲ လျင်သူစားစတမ်းလေ။

"မင်းရောက်လာတာ ငါတို့ဝမ်းသာတယ်ကွာ။ မင်းမရှိတော့ မြမောင်တို့လက်ချက်နဲ့ပဲ သစ်ခွတွေပြုန်းကုန်ပြီ။ ငါတို့က မင်းကိုပဲ အားကိုးနေရတာမှတ်လား"



"မင်းလာပြီဆိုတော့ ငါတို့အားတက်သွားပြီ။ မြမောင်တို့အဖွဲ့ထက်သာအောင် လုပ်ပြလိုက်စမ်းကွာ"

သာအေးနဲ့အောင်ဘုက အားတက်သရော ပြောလာ၏။

"အေးပါကွာ...အေးပါ"

ဒီနှစ်ယောက်က သူနဲ့တတွဲတွဲရှိနေခဲ့သူတွေ။ သူ့ကိုအားကိုးအားထားပြုနေကြသူတွေလည်း ဖြစ်သည်မို့ သူမရှိတော့ လက်မောင်းတစ်ဖက်ပြုတ်သလိုဖြစ်ကြရှာပေလိမ့်မည်။

သူတို့သုံးယောက်သား တောထဲသို့စကားတပြောပြောဖြင့် လျှောက်လာ၏။

"မင်းသစ်ပင်ပေါ်က ခြေချော်ကျတယ်ဆိုတာ ငါတို့လုံးဝမသိရဘူးကွာ။ အင်းလေ ငါတို့ကလည်း မင်းအိမ်ကို သတင်းလည်းလာမမေးမိဆိုတော့ ဘယ်သိပါ့မလဲ"

"ဟုတ်တယ်ကွ ငါတို့လဲ ကိုယ့်ဟာနဲ့ကိုယ် ချာလပတ်ရမ်းနေတဲ့သူတွေဆိုတော့ မင်းအိမ်ဘက်ခြေဦးတောင်မလှည့်မိပါဘူးကွာ"

သာအေး၏ စကားကို အောင်ဘုက ထောက်ခံပြောဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ဪဒါနဲ့ မင်းက ခြေထောက်မှာ ဒဏ်ရာရနေတာဆိုတော့ စားရေးသောက်ရေးကရော ဘယ်လိုလုပ်လဲ၊ တော်တော်ဒုက္ခရောက်မှာ ပေါ့နော်"

"ဘာလဲ မင်းအမျိုးတွေ လာကြည့်ပေးကြတာလား"

"ဝေးပါသေးတယ်ကွာ...ငါ့အမျိုးတွေလား ငါ့ကိုလာကြည့်မှာ။ ငါ့ကိုဆေးဖော်ကြောဖက်တောင် လုပ်ချင်တဲ့သူတွေမှမဟုတ်တာ၊ ဒါပေမဲ့ သူတို့မလာလဲ ကိစ္စမရှိပါဘူး ငါ့ကိုပြုစုပေးတဲ့သူက ရှိနေတာ ပဲ ငါ့အတွက် မခက်ခဲပါဘူးကွာ"

ကံထူးက နာနာကြည်းကြည်းဖြင့် ပြောမိရင်း စကားထဲအမှား ကပါလာသည်။

"ဘာ...မင်းကို လာပြုစုပေးနေတဲ့သူရှိတယ်ဟုတ်လား ဘယ်သူလဲ...ဘယ်သူလဲ"

အောင်ဘုက အံ့အားတသင့်ဖြင့် အလောတကြီးလေးမေး၏။ ကံထူးက သူ့အမှားကို ချက်ချင်းရိပ်မိသွားကာ မျက်နှာအပျက်ပျက်ဖြင့် စကားလိုးလွှဲပြောမိသည်။



"ဟို...ဟို မဟုတ်ပါဘူး။ ငါ့ဘာသာ ငါချက်စားရတာပေါ့ကွ၊ ဘယ်သူက ငါ့ကို လာပြုစုပေးမှာလဲ။ ဘာမှမဟုတ်ပါဘူး။ မင်းတို့နားကြားလွဲတာပါ"

"မဟုတ်သေးပါဘူး မင်းသေချာပြောလိုက်ပါတယ်။ ငါလည်း ကြားတယ်။ ကံထူး ငါတို့ကို မလိမ်နဲ့ အမှန်တိုင်းပြောစမ်းကွာ"

သာအေးကပါ အစ်အောက်မေးလာ၏။

"ဘာမှမဟုတ်ပါဘူးကွာ မင်းတို့ကလဲ"

မျက်နှာပျက်စွာ သူဆိုမိတော့ ဟိုနှစ်ယောက်ကလုံးဝယုံကြည်ပုံမရပဲ သူ့ကိုစူးစိုက်၍ ကြည့်လာ၏။

"ဒီကောင် ငါတို့ကို လိမ်နေတာကွ။ အသိသာကြီး"

"ကံထူး ငါတို့ကို မှန်မှန်ပြောရင်ပြောနော် မပြောရင် ကံထူးမှာ မိန်းမရှိနေပါတယ်ဆိုပြီး တစ်ရွာလုံး လိုက်ဖွပစ်လိုက်မယ်"

"ဟာ...မပြောပါနဲ့ မင်းတို့ကလဲ ပြောဆိုပြောပါ့မယ်ကွာ တစ်ရွာလုံးတော့ လျှောက်မဖွပါနဲ့"

"ဒါဆိုပြော"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင်သား သူ့ကိုအတင်းအစ်အောက်ခြိမ်းခြောက်လာကြ တော့ သူမပြောမဖြစ်ပြောရတော့၏။

"မင်းတို့နှစ်ယောက်ပဲ သိပါစေနော် ဘယ်သူမှလျှောက်မ ပြောနဲ့ ဒီလိုကွ"

❒ ❒ ❒

အခန်း (၁၆)

အမှန်တော့ သူကအသိပေးရုံသာ ပြောခဲ့ခြင်းဖြစ်ပါသည်။ သို့သော် အောင်ဘုနှင့် သာအေးတို့က သူ့စကားကို မယုံကြည်ဟန်ဖြင့် ဝိုင်းဝန်းလှောင်ပြောင်ပြောဆိုကြတော့ သူလည်းမခံချင်စိတ်ဖြင့် လက်တွေ့ပြရန် ပြောမိခဲ့သည်။

ကြမ်းကျွံလျှင် နှုတ်၍ရသည်။ စကားကျွံတော့ ပြန်လည်နှုတ် ယူ၍ မရနိုင်တော့။

မြစိမ်းအပေါ် ကတိဖျက်သလိုဖြစ်ခဲ့မိပြီ။

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပါတော့ မြစိမ်းရယ်လို့ စိတ်ထဲမှ အခါခါတောင်းပန်နေမိသည်။ ဒီညတော့ သူအိပ်လို့ရနိုင်တော့မည် မဟုတ်ပေ။ အတွေးတို့ဖြင့် အိပ်ရာထက်တွင် ကလူးလူးတလွန့်လွန့် ဖြစ်နေမိသည်။

သူ့နံဘေးတွင် မြစိမ်းကတော့ အပူအပင်မရှိ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျ၍နေသည်။ သူမမျက်နှာလေးက ကလေးတစ်ယောက် သဖွယ် အပြစ်ကင်းစင်လှသည်။

သူ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်နေမိ၏။ လှလိုက်တဲ့ မျက်နှာလေးနှယ်။ တစ်သက်နှင့်တစ်ကိုယ် ဒီလောက်လှတာ တစ်ခါမှ မတွေ့ခဲ့ဖူးဘူး။

လူမတန် နတ်တမျှလှပတဲ့သူလေးဟာ သူချစ်မြတ်နိုးရတဲ့ သူ့ကို ချစ်မြတ်နိုးလှတဲ့ မိန်းကလေးတဲ့လား။

သူ့အဖြစ်က အိပ်မက်တစ်ခုလိုပဲ ဟုထင်မိသည်။ မြစိမ်းနှင့် တွေ့ဆုံကြုံကြိုက်ချစ်ခွင့်ရခဲ့ခြင်းဟာ ကောင်းကင်ကြီးကို လက်နှင့်ထိတွေ့ခွင့်ရသလိုပါပဲ။

သည်လောက် သာယာပြည့်စုံလှသည့် ဘဝကို ရုတ်တရက်



မမျှော်လင့်ဘဲ ရရှိလာခဲ့သည့် မိမိအဖြစ်အပျက်ကိုတွေးပြီး အံ့သြကြည်နူးမိရသည့် အရသာက ဘာနှင့်မှ မလဲနိုင်ပေ။

ဒီလိုပဲ တစ်သက်လုံး ပိုင်ဆိုင်သွားခွင့် ရပါစေတော့။ ဟိုတွေးဒီတွေးဖြင့် အိပ်၍မပျော်ဘဲ ရှိနေသဖြင့် အိပ်ရာမှ အသာအယာထလိုက်သည်။

သူ့ခေါင်းထဲမှာ အကြံအစည်တစ်ခု ရှိနေ၏။ သူ့အကြံအထမြောက်မှာလည်း စိုးရိမ်စိတ်ကလေး ဖိစီးနေမိသေးသည်။

မနက်ကျရင် မြစိမ်းကို မပြန်နိုင်အောင် သူတားရပေလိမ့်မည်။ လက်တွေ့ပြမှ ယုံမည်ဟု ပြောထားသော သူငယ်ချင်းများကို သိပ်လှတဲ့ သူ့မိန်းမကို လက်တွေ့ကြွားပစ်လိုက်မည်ဟု အားတင်းထား၏။

ရုတ်တရက် သူ့ခေါင်းထဲလက်ခနဲ အကြံတစ်ခုရလာသည်။ မြစိမ်းကို မနက်စောစောစီးစီး မနိုးရအောင် လုပ်ရမည် ဒါကတော့ အလွယ်လေးပဲ။ ခြင်ထောင်ပေါ်စောင်ဖြင့် ကာထားလိုက်မည်။ ဒါမှ အလင်းရောင်မဝင်နိုင်ဘဲ မှောင်မိုက်နေမှာ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အကြဲကို ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်လိုက်၏။

မြစိမ်းနိုးသွားမှာစိုး၍ ခြေကိုဖွဖွနင်းကာ ခြင်ထောင်ပေါ်စောင်ဖြင့် အသာအယာကာထားလိုက်သည်။ ထို့နောက် မြစိမ်းနံဘေးတွင် အသာအယာဝင်၍ လဲလျောင်းနေလိုက်ပြီး မြစိမ်းနိုးလာမည့်အချိန်ကို ရင်တထိတ်ထိတ်နှင့် စောင့်နေလိုက်၏။

လင်းကြက်တွန်သံကြားရလေပြီ။

မြစိမ်းခန္ဓာကိုယ်လေး လူးလွန့်လာ၏။ သူအိပ်ချင်ယောင်ဆောင် နေလိုက်ရသည်။ ခဏနေတော့ မြစိမ်းက သူ့ရင်ခွင်ထဲမှ တဖြည်းဖြည်းခွာ၍ အိပ်ရာမှ ထရန်ပြင်သည်။

သူက ဖျတ်ခနဲလန့်နိုးချင်ယောင်ဆောင်ပြီး မြစိမ်းကိုယ်လေးကို ရင်ခွင်ထဲဆွဲသွင်းထားလိုက်သည်။

"မိုးလင်းတော့မယ် ကျွန်မသွားရဦးတော့မယ်လေ"

မြစိမ်းက ခပ်တိုးတိုးပြောလာ၏။

"ဟာ ဘယ်မှာမိုးလင်းသေးလို့လဲ ဒီလောက်မှောင်မဲနေတာ မလင်းသေးပါဘူး"



"လင်းကြက်တွန်နေပြီလေ"

"ဘယ်က လင်းကြက်တွန်ရမှာလဲ။ ခုမှ သန်းခေါင်ပဲရှိသေးတာ။ ဒါသန်းခေါင်တွန်တဲ့ကြက်သံ"

သူ့စကားကြောင့် မြစိမ်းက တွေဝေသွားပုံရတယ်။ ဘာမှ ထပ်မပြောတော့ဘူး။ သူ့ရင်ခွင်ထဲမှာ အသာလေးငြိမ်သက်နေတယ်။

စောင်တွေနဲ့ ပတ်လည်ကာရံထားသဖြင့် ခြင်ထောင်အတွင်း မဲမဲမှောင်နေ၏။ ဒါကြောင့်လည်း မြစိမ်းက သူ့စကားကို ယုံကြည်လက်ခံသွားပုံရ၏။

"မြစိမ်း မနက်ကျရင် မပြန်ပါနဲ့တော့လား"

သူက အကဲစမ်းသလိုမေးတော့ မြစိမ်းက ခပ်လောလော ပြန်ပြော၏။

"မပြန်လို့မရပါဘူး။ ပြန်မှ ဖြစ်မယ်"

"တစ်ရက်တလေပဲဟာ မပြန်ပါနဲ့တော့"

"အမလေး မရပါဘူးနော်။ မြစိမ်းတို့ ဒုက္ခရောက်ကုန်လိမ့်မယ် ဒီလိုလုပ်လို့ မဖြစ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မြစိမ်းရယ်"

"ပြောလို့ မဖြစ်သေးပါဘူးကွယ်။ မြစိမ်းနဲ့ မဝေးချင်ရင် ချမြစိမ်းစကားကို နားထောင်ပါနော်"

"အင်းပါ မြစိမ်းစကားကို နားထောင်မယ်။ မမေးတော့ဘူး။ အစောကြီး ရှိသေးတာပဲ ပြန်အိပ်လိုက်တော့နော်"

"ဘာလို့လဲ မသိဘူး မြစိမ်းမျက်လုံးတွေ အိပ်လို့မရတော့ဘူး မျ ကြောင်နေပြီ"

"ဟာ မျက်လုံးလေးပြန်မှိတ်သားလိုက်ကွာ ပြီးရင်ကိုယ့်ရင်ခွင်သဲ ငြိမ်ငြိမ်လေးနေ"

မြစိမ်းက သူ့စကားအတိုင်းမျက်လုံးလေးမှိတ်၍ ငြိမ်ငြိမ်သက်သက်လေး နေပေးရှာတယ်။ မြစိမ်းရဲ့ ဆံပင်များကို လက်ချောင်းလေးများနဲ့ ခပ်ဖွဖွသပ်နေပေးရင်းက သူ့စိတ်ထဲမလုံမလဲ ဖြစ်လာမိတယ်။

သူ့ရဲ့ လိမ်ညာလှည့်ဖျားမှုကို ဘာမှမသိရှာတဲ့ချမြစိမ်းကို ကြည့်ရင်း စိတ်ထဲကလည်း ခပ်တိုးတိုးတောင်းပန်နေမိတယ်။



ခွင့်လွှတ်ပါမြစိမ်းရယ် မင်းကို ချစ်လွန်းလို့ ဒီလိုလုပ်ရတာပါကွာ။

အချိန်သည် အလျင်အမြန်ကုန်လာခဲ့၏။ အိမ်ခန်းတွင်းသို့ အလင်းရောင်များ ဟိုဘက်စေသည့်တစ်စ ဝင်ရောက်လ နေသည်ကို လွှတ်နေသော ခြင်ထောင်ဇကာကွက်ကြားမှ မြင်နေရသည်။ မြစိမ်းက မျက်လုံးမှိတ်ထား၍ ဘာမှမသိပေ။

တအောင့်ကြာတော့ ကြက်တွန်သံကို ဟိုအိမ်သည်အိမ်မှ သံပြိုင်လိုလို ထွက်ပေါ်၍လာသည်။

ထိုအသံကြားရသည်နှင့်ချမြစိမ်းသည် မျက်လုံးများဖျတ်ကနဲပွင့်လာကာ သူ့ရင်ခွင်ထဲမှ ဆတ်ခနဲရုန်းထွက်၏။ ထို့နောက် ခြင်ထောင်ကပျာကယာမကာကြည့်သည်။

"ဟင် မိုးလင်းနေပြီပဲ"

သူ့ကိုပင် နှုတ်ဆက်မအားတော့ဘဲ ခြင်ထောင်အပြင်သို့ ကမန်းကတန်းထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မြစိမ်းနေဦးလေ"

သူ့ခေါ်သံကို မမြစိမ်းက လုံးဝဂရုမစိုက်တော့။ ထိတ်ထိတ် ပျာပျာဖြင့် အိမ်ရှေ့သို့လှမ်းထွက်သွားလေ၏။

❐ ❐ ❐

အခန်း (၁၇)

မြစိမ်းသည် အိမ်ရှေ့တံခါးကို အလောတကြီးဖွင့်လိုက်သည်။ ထိုအခိုက် ရုတ်တရက်မြင်လိုက်ရသော မြင်ကွင်းကြောင့် လန့်မအော် မိမတတ် ဖြစ်သွားသည်။

မျက်လုံးပြူးကာ ပါးစပ်ကိုလက်ဖြင့်အုပ်လျက် အကြောင်သား ငေးစိုက်ကြည့်နေမိသည်။

မြင်လိုက်ရသည့်မြင်ကွင်းက အိမ်ရှေ့တည့်တည့်တွင် သူမကို တအံ့တသြဖြင့် ငေးမောကြည့်ရှုနေသော လူအုပ်ကြီး။

www.burmeseclassic.com

www.burmeseclassic.com



"လှလိုက်တာ"

"တကယ်ပဲ...ကံထူးမှာ မိန်းမရှိနေတယ်ဟ"

"နတ်သမီးလေးလိုပါပဲလား"

"မှုန်ညက်နေအောင် ချောလိုက်တာကွာ"

လူအုပ်ကြီးဆီမှ တစ်ယောက်တစ်ပေါက် ချီးကျူးပြောဆိုသံများ ညံထွက်လာသည်။

မမြစိမ်းချက်ချင်းသဘောပေါက်သွားသည်။ အံကိုတင်းတင်း ကြိတ်ကိုက်မိသည်။

ထို့နောက် အခန်းတွင်းမှ ကသောကမျောပြေးထွက်လာသော ကံထူးကို ဒေါသရောင်မျက်ဝန်းများဖြင့် လှည့်၍ကြည့်လိုက်သည်။

"ရှင် ကတိမတည်ဘူး"

ရုတ်တရက် ကံထူးက နားမလည်နိုင်သလို ကြည့်နေ၏။ အိမ်ရှေ့သို့လှမ်းကြည့်လိုက်တော့မှ အခြေအနေကို သဘောပေါက်သွားသည်။



"ကျွန်မစကားကို နားမထောင်တဲ့အတွက် ရှင်နောင်တရလိမ့်မယ်။ ကျွန်မကို ပေးထားတဲ့ကတိကို လွယ်လွယ်ကူကူဖောက်ဖျက်ခဲ့တဲ့အတွက် ရှင်အကြီးအကျယ် နောင်တရစေရမယ်။ ဒီတစ်သက် ကျွန်မတို့ ဆေးကြပြီလို့ပဲ မှတ်လိုက်ပါတော့"

မြစိမ်းက လက်သီးဆုပ်ဆုပ်ထိုး၍ ဒေါသတကြီး ရန်တွေ့နေသည်။ သူမအသံက ခက်ထန်မာကျောနေ၏။ မျက်လုံးများနီရဲကာ မျက်ရည်များဖြင့် အိုင်ထွန်းနေ၏။ ဒေါသဖြင့် အသားတဆတ်ဆတ်တုန်ကာ မကျေမနပ်ဖြင့် ကံထူးကို စူးစူးရဲရဲစိုက်ကြည့်နေ၏။

"ကိုယ်ရှင်းပြပါရစေ မြစိမ်းရယ်"

ကံထူး၏စကားကို မြစိမ်းက နားဝင်ပုံမရ ခပ်စူးစူးတချက်စိုက်ကြည့်ကာ ချာခနဲလှည့်၍ အိမ်အောက်သို့ အတင်းဆင်းပြေးသွားလေ၏။

"မြစိမ်း နေပါဦး"

"မြစိမ်း...နေပါဦး"

ကံထူးက တကြော်ကြော်အော်ခေါ်ရင်း ပြေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ပြောင်းလဲသွားသော အခြေအနေကြောင့် အံ့သြ

နားမလည်စွာ စိုးရိမ်တကြီးဖြင့် လူအုပ်ကြီးက နောက်မှလိုက်လာ၏။

"ဟာ ဆင်းပြေးပြီ"

"ဘာဖြစ်တာလဲမသိဘူး လိုက်ကြည့်ရအောင်"

"ဟော့ကောင် ကံထူး ဘာဖြစ်တာလဲ"

မမြစိမ်းက ရှေ့မှတလှစ်လှစ်ပြေးသည်။ ကံထူးက တကြော်

ကြော်ခေါ်ရင်းလိုက်သည်။ နောက်မှ လူအုပ်ကြီးက စိုးရိမ်တကြီး

ပြေးလိုက်သည်။

"မြစိမ်း မပြေးပါနဲ့။ ကိုယ်ရှင်းပြပါရစေဦး။ မြစိမ်း…"

အသံတွေကွဲပြာအက်မတတ်အော်ခေါ်ရင်း ကံထူးတစ်ယော

နောက်ကနေသဲကြီးမဲကြီး ပြေးလိုက်လာ၏။

ကတိဖျက်သူတစ်ယောက်အဖြစ် သူ့အပေါ် မြစိမ်းတကယ်

စိတ်ဆိုးနာကျည်းသွားပြီးလား။ တစ်သက်လုံးဖြေမဆည်နိုင်တော့မည်

နောင်တတွေနဲ့အတူ သူ့ကိုထားသွားရက်တော့မှာလားဟု တွေးရင်း

နည်းစိတ်က ရင်ထဲစူးနင့်လာ၏။



မြစိမ်းသည် သူ့ခေါ်သံကို မကြားဟန်ပြုကာ နောက်သို့တချက်ကလေးမှ လှည့်မကြည့်ပဲ တလှစ်လှစ်နှင့်ပြေးနေ၏။

မြစိမ်းသည် အပြေးမြန်လှချေ၏။

ကံထူးဘယ်လိုမှ လိုက်မမှီနိုင်ပေ။ ပြေးရင်းဖြင့် တောစပ်နားသို့ ရောက်လာ၏။ မြစိမ်းသည် တောထဲသို့ ဝင်ပြေးလေတော့သည်။ ကံထူးတောထဲသို့ ရောက်သောအခါ မျက်ခြေပြတ်၍သွားသည်။

မြစိမ်းကို မတွေ့ရတော့ပေ။

နောက်မှလိုက်လာသော လူအုပ်ကြီးသည် တောတွင်းသို့ ဝင်လာကြ၏။

"မိန်းကလေးရော ဘယ်ရောက်သွားပြီလဲ"

ဟုဝိုင်းမေးကြလျှင် ကံထူးက ချွေးမြေ့ကြေကွဲစွာ ငိုသံပါကြီးဖြင့် ပြန်ပြော၏။

"မရှိတော့ဘူး။ သူကျွန်တော့်ကို ထားသွားပြီ။ ကတိဖျက်တဲ့ ကျွန်တော့်ကို သူထားသွားပြီဗျ"

ထို့နောက် မြေပေါ်ဒူးထောက်၍ ခေါင်းငိုက်ချကာ ငိုကြွေး

www.burmeseclassic.com

www.burmeseclassic.com



နေသော ကံထူးကို ရွာသားများက စိတ်မသက်သာစွာဖြင့် ဝိုင်းဝန်းငေး မောကြည့်ရှုနေကြရင်း ထူးဆန်းစွာပျောက်ဆုံးသွားသော မိန်းမလှလေး အကြောင်းကို တအံ့တသြတွေးနေမိကြလေတော့သည်။

□ □ □

## အခန်း (၁၈)

မြစိမ်းပြောခဲ့သလို ကတိဖျက်မိခဲ့သည် သူ့အတွက် နောင်တ တရားက တတွေးတပိုက် ဖိဆီးလာ၏။

မှားခဲ့သည် မိမိအပြစ်ကို ခွင့်မလွှတ်နိုင်အောင် ဖြစ်နေမိသည်။ မလုပ်ခဲ့မိရင် အကောင်းသားပဲဟု အကြိမ်ကြိမ်တွေးလိုက်တိုင်း အကြိမ်ကြိမ်နောင်တရလာမိသည်။

နေ့စဉ်နေ့တိုင်း ကြေကွဲဝမ်းနည်းစိတ်ဖြင့် ဖြေမဆည်နိုင်အောင် ဖြစ်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူက ငါတို့နှစ်ယောက်အကြောင်းကို ဘယ်သူကိုမှ မပြောပါနဲ့လို့ မှာထားတယ်ကွ"

သူ့ခံစားချက်ကို သူငယ်ချင်းများရှေ့မှာ ဖွင့်ဟပြောမိသည်။

"မင်းမိန်းမက ဘာသဘောလဲ။ ဘာလို့လူသိမခံချင်ရတာလဲ"

"ငါလဲမပြောတတ်ပါဘူးကွာ။ သူကပြောတာတော့ အချိန်မတန်သေးလို့တဲ့။ အချိန်တန်မှ ပြောပြမယ်တဲ့လေ"

"ဒါဆို မင်းမိန်းမမှာ လူသိမခံစေချင်တဲ့ အကြောင်းတစ်ခုခုရှိလို့ ဖြစ်မှာပေါ့ မင်းမမေးကြည့်ဖူးလား"

"ငါဘယ်လိုမေးမေး သူဘယ်တော့မှ မပြောဘူး။ ငါကသူ့ကို သိပ်ချစ်လွန်းတော့လဲ သူမသိစေချင်တဲ့ကိစ္စတွေကို ထပ်မမေးမိတော့ဘူးလေ။ သူ့အပေါ် ငါကတိဖျက်တယ်ဆိုပြီး သူငါ့ကို သိပ်မုန်းသွားပြီကွ။ ငါ့ဆီ သူဘယ်တော့မှ ပြန်လာမှာမဟုတ်တော့ဘူး။ သူကပြောသွားသေးတယ်။ သူနဲ့ငါ ဒီတစ်သက်ဝေးပြီတဲ့ကွ"



ကံထူးက ခွေးမြေ့အက်ကွဲစွာပြောတော့ သူငယ်ချင်းများက စိတ်မကောင်းဟန်ဖြင့် သက်ပြင်းရှိုက်သူရှိုက်။ ခေါင်းခါသူခါနှင့်။

"ကံထူး မင်းဘယ်လိုခံစားနေရလဲဆိုတာ ငါတို့နားလည်ပါတယ် သူငယ်ချင်းရယ်။ ဒါပေမယ့် ငါတစ်ခုလောက်တော့ ပြောချင်တယ်။ မင်းအခု ထမင်းလည်းပုံမှန်မစားဘူးဆို။ ဒီလိုသာနေရင် မင်းဒုက္ခရောက်လိမ့်မယ်။ မင်းအတွက် စိုးရိမ်လို့ပြောတာပါကွာ"

"ဟုတ်တယ် အောင်ဘုပြောတာမှန်တယ် ဒီလိုသာမစားမသောက်ပဲနေရင် မင်းကျန်းမာရေးထိခိုက်လာနိုင်တယ်။ ကိုယ့်ကိုကိုယ်ဂရုစိုက်စမ်းပါကွာ"

သာအေးကလဲ သူ့အတွက် ပူပန်စွာပြောလာ၏။

"ဟုတ်တယ် ငါတို့လည်း မင်းကို ဒီလိုမြင်ရတာ ဘယ်စိတ်ကောင်းပါ့မလဲ။ အစာမစားဘဲနဲ့မနေပါနဲ့ကွာ ကြာရင်အားပြတ်ပြီးလဲလိမ့်မယ်"

"မင်းပုံစံကလဲ အားမရပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



အခြားသူငယ်ချင်းများကပါ ဝိုင်းပြောလာကြတော့ သူခပ်ယဲ့ယဲ့လေးပြုံးလိုက်မိ၏။

"ငါ့အတွက် စိတ်ပူပေးလို့ ကျေးဇူးတင်ပါတယ်ကွာ။ ကဲ...ကဲ ငါ့ကို မပူနေကြနဲ့တော့ မင်းတို့တောထဲသွားရအုံးမယ် မဟုတ်လား သွားကြတော့၊ ငါတော့ ဒီနေ့အနားယူမယ်"

"ဒါဆို ငါတို့သွားပြီသူငယ်ချင်း။ ငါတို့မှာတာတွေ မမေ့နဲ့နော်"

"ကိုယ့်ကိုကိုယ် ဒုက္ခမပေးစမ်းပါနဲ့ကွာ ခံစားတာလဲ ခံစားတာပေါ့"

သူတို့စိတ်မချသလိုပြောနေကြတော့ သူကစိတ်မရှည်စွာ ခေါင်းကိုညိတ်ရင်း

"အေးပါကွာ...အေးပါ စိတ်ချလက်ချသာ သွားကြပါတော့"

ကျောင်းနိုင်းထွက်သွားကြသော သူငယ်ချင်းများကို ငေးကြည့်နေရင်း သူ့မျက်ဝန်းများ တဖြည်းဖြည်းဝေသီမှုန်ဝါးလာ၏။ ရင်ဘတ်ထဲက စူး၍အောင့်လာသည်။ ဦးခေါင်းတစ်ခုလုံးလဲ ချာချာလည်လည်နေ၏။ ထို့နောက် နေရာတွင်ပင် ပုံလျက်သားလဲကျသွားလေတော့သည်။



အားပြတ်ပြီး အိပ်ရာထဲလဲနေသည်ကို သူသိလိုက်သည်။ သိစိတ်က နိုးတဝက်သာရှိ၏။ သူ့ကို တစ်စုံတစ်ယောက်က လာရောက်ပြုစုပေးနေသည်ကိုလည်း သူသိနေသည်။

မျက်လုံးများဘယ်လိုမှ ဖွင့်မရပေ။ အိပ်ရာထက်တွင် စန့်စန့်ကြီးလဲလျောင်းနေလျက်သားကပင် တစ်စုံတစ်ယောက်၏အပြုအစုကို ငြိမ်သက်စွာခံယူနေရ၏။

သူဘယ်သူလဲ။ သိချင်လှ၏။

သူငယ်ချင်းတစ်ယောက်ယောက်လား။ ဒါမှမဟုတ် မြစိမ်းလား။ မျက်လုံးများဘယ်လိုမှ ဖွင့်မရနိုင်။ ခေါင်းတစ်လုံးလဲ ချာချာလည်မူးဝေလို့၊ သူ့ပါးစပ်နားသို့ အေးစက်စက်အရာတစ်ခု လာရောက်ထိတွေ့လာ၏။

ပါးစပ်များမှာ ခါးသက်ရှိန်းမြသော အရည်တစ်မျိုးစီးကျလာသည်။ လည်ချောင်းတစ်လျှောက်ပူ၍ ဆင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချည်သောက်သုံးပြီး ခဏအြ ခန္ဓာကိုယ်တစ်ခုလုံး ပူနွေး လာကာ အားအင်များပြည့်ဖြိုးလန်းဆန်းလာသလိုပင်။

ထို့နောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားခဲ့လေ၏။

□

နိုးလာလာချင်း သတိထားလိုက်မိသည်မှာ သူ့ကိုယ်၌အား အင်များပြည့်ဖြိုးနေသလို လန်းဆန်းတက်ကြွနေခြင်း ဖြစ်သည်။ သူ့နံဘေးတွင် လူတစ်ယောက်ထိုင်နေသည်ကို တွေ့ရသည်။ အမြင်ဝိုး တဝါးကြားမှ ထူးခြားအသွင်သဏ္ဌာန်တစ်ခုကို မြင်လိုက်ရပြီး သူရင် တွေခုန်လာမိသည်။

"မြစိမ်း"

အားရဝမ်းသာစွာ ခေါ်မိသည်။ မြစိမ်းက မပြုံးမရယ်ပဲ သူ့ကိုစိုက်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



လဲလျောင်းနေရာမှထကာ တုန်တုန်လှုပ်လှုပ်ပြောရင်း မြစိမ်းက်ကလေးကိုဆုပ်ကိုင်ကာ သူ့ပါးနှင့် အပ်ထားမိသည်။

"ကိုယ်မှားပါတယ်။ ကိုယ့်အမှားအတွက် မြစိမ်းကိုတောင်းပန်ပါတယ်။ ကိုယ့်ကိုခွင့်လွှတ်ပါနော်"

မြစိမ်းက ဘာမှမပြောပဲသူ့ကို စိုက်၍ကြည့်နေ၏။ သူ့မျက်ဝန်းထဲ၌ မျက်ရည်များ တဖြည်းဖြည်းအိုင်ထွန်းလာ၏။

"ကိုယ့်ကို ခွင့်မလွှတ်နိုင်ဘူးလားဟင်။ မြစိမ်းကျေနပ်တဲ့အထိ ကိုယ်တောင်းပန်ပါမယ်။ ကိုယ်အခုနောင်တတွေနဲ့ နာကျင်နေရပါပြီ မြစိမ်းရယ်။ ကိုယ့်ကိုခွင့်လွှတ်ပါကွာ"

တဖွဖွတောင်းပန်ရင်း အသံက ကိုးတိုးတိတ်တိမ်ဝင်သွား၏။ မြစိမ်း၏ပါးပြင်ပေါ်၌ မျက်ရည်ပေါက်များလိမ့်၍လိမ့်၍ ကျဆင်းလာသည်။

"မြစိမ်း ကိုယ့်ကို ခွင့်မလွှတ်နိုင်တော့ဘူးလားဟင်၊ ကိုယ့်ကိုမုန်းသွားပြီလား ပြောပါဦး မြစိမ်းရယ် ပြောပါဦး"

သူက စိုးရိမ်တကြီးဖြင့် တုန်တုန်လှုပ်လှုပ်မေးမိသည်။

"ဖြစ်လာခဲ့ပြီးမှတော့ ဘယ်လိုမှပြင်ဆင်ခွင့်မရနိုင်တော့ဘူး။



အရာရာကို ရင်ဆိုင်လက်ခံနိုင်အောင်သာ ပြင်ဆင်ထားပါတော့ရှင်"

လေးနက်တည်ကြည်စွာ ပြောလာသော မြစိမ်း၏စကားများကို ရုတ်တရက်သူနားမလည်ခဲ့။ မြစိမ်း သူ့ကိုခွင့်မလွှတ်နိုင်ဘူးလားဟူသည့် အတွေးဖြင့် ဆောက်တည်ရာမရဖြစ်နေမိသည်။

"မြစိမ်း ကိုယ့်ကိုခွင့်မလွှတ်နိုင်ဘူးပေါ့။ မုန်းနေပြီပေါ့ ဟုတ်လား"

"ကျွန်မရှင့်ကို မမုန်းပါဘူး။ ကျွန်မခွင့်လွှတ်ခြင်း ခွင့်မလွှတ်ခြင်းဟာလည်း ခုချိန်မှာအဓိကမကျတော့ဘူး။ ဒီလိုဖြစ်မလာစေဖို့ ကျွန်မကြိုးစားခဲ့တာပဲ။ ဒါပေမယ့် ကံကြမ္မာက ကျွန်မတို့ကို ဒီလိုဖြစ်စေဖို့ ဖန်တီးပေးခဲ့တယ်။ ကျွန်မတို့ ဘာမှမတတ်နိုင်တော့ဘူး။ ကံစီမံရာပဲပေါ့"

"မြစိမ်းဘာတွေ ပြောနေတာလဲ ကိုယ်နားမလည်ဘူး"

"ကဲပါလေ··နောက်တော့ရှင်သိလာမှာပါ။ ခုလောလောဆယ်တော့ ရှင်ကျန်းမာဖို့လိုတယ်"

မြစိမ်းကို သူဘာမှထပ်မမေးမိတော့ပေ။ သူ့ထံသို့ မြစိမ်းပြန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတာပဲ ဝမ်းသာလှပြီဖြစ်၏။

ကောင်းကင်ကြီးကို နောက်တစ်ကြိမ်လက်နှင့်ထိတွေ့ခွင့်ရပြီ။ ဒီတစ်ခါတော့ အပိုင်ဖမ်းဆုပ်ထားလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်ပြီဖြစ်၏။

□

## အခန်း (၁၉)

စိတ်ထောင်း၍ ကိုယ်ကြေခဲ့ရသော သူ့အဖို့စိတ်လက်ရွှင်လန်းလာခဲ့သည်နှင့်ပြန်၍ ကျန်းမာလာခဲ့၏။

မြစိမ်းကလည်း ဂရုတစိုက်ပြုစုလုပ်ကိုင်ပေးသည်မို့ လူကတုတုထောင်ထောင်ပြန်ဖြစ်လာ၏။ နလန်ထလာကာစအချိန်၌ အစားအသောက်အရင်ထက်နှစ်ဆပို၍ စားသဖြင့် ခန္ဓာကိုယ်က အင်အားတိုးပြီး ဝပင်ဝလာသေးသည်။ မြစိမ်းသည် သူနှင့်အေးတွင် တယုတယဂရုစိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြုစုလုပ်ကိုင်ပေးရင်း အရိပ်တကြည့်ကြည့်ရှိနေခဲ့သည်။

အရင်ကလို ရွှင်ရွှင်ပျပျ တက်တက်ကြွကြွ မရှိတော့တာကိုလည်း သူသတိထားမိ၏။ သို့သော် သူမလေးမျက်နှာက အမြဲတမ်းအပြုံးမပျက်စေပဲ သူ့ကိုပျော်ရွှင်အောင်ထားနိုင်ခဲ့ပါ၏။

သူက ကျေးဇူးတင်လွန်းစွာ ဖွင့်ဟပြောမိတော့ မြစိမ်းက ခပ်ပြုံးပြုံးလေး နားထောင်ခဲ့၏။

"ကျေးဇူးတင်ပါတယ် မြစိမ်းရယ်။ မင်းကြောင့် ငါအသက်ပြန် ရှင်ခွင့်ရလာခဲ့တာ မင်းဟာ ငါ့အသက်သခင်ကျေးဇူးရှင်ပါပဲ"

သူက လှိုက်လှိုက်လှဲလှဲပြောမိသည်။ မြစိမ်းက သူ့ကိုခပ်တွေတွေလေး စိုက်ကြည့်နေ၏။

"ကိုယ့်ကိုခွဲမသွားပါနဲ့တော့ မြစိမ်းရယ်။ မင်းမရှိရင် ငါသေသွားမလားမသိဘူး။ ကိုယ်တို့နှစ်ယောက် ဘယ်တော့မှမခွဲကြေးနော်"

ပို၍လှိုက်လှဲတုန်ရင်သော အသံဖြင့်တောင်းဆိုသလို ပြောမိသည်။ မြစိမ်းသည် သူ့ကိုခပ်တွေတွေစိုက်ကြည့်နေရာမှ တဖြည်း



ဖြည်း သူမမျက်ဝန်းမှာ တလက်လက်တောက်ပြောင်လာ၏။ မျက်ရည်များဖြင့် စိုစွတ်လာသောကြောင့် ဖြစ်၏။ သူ့ထံမှ အကြည့်လွှဲကာ အဝေးတစ်နေရာသို့ တွေတွေကြီးငေးစိုက်ကြည့်နေ၏။

သူမနှုတ်ခမ်းတို့တလှုပ်လှုပ်၊ မျက်တောင်များ တဖျပ်ဖျပ်ဖြင့် တစ်ခုခုကို အကြီးအကျယ်ထိခိုက်ခံစားနေရသည့်ပုံမျိုး။

အတန်ကြာမှ တိုးတိုးညှင်းညှင်းလေသံဖြင့် ကြေကြေကွဲကွဲဆိုလာသည်။

"ရှင့် ဆန္ဒတွေ ဘယ်တော့မှပြည့်လာမှာ မဟုတ်တော့ပါဘူး။ ကျွန်မတို့တွေ ဘယ်လိုမှနီးစပ်ခွင့်မရှိတော့ဘူးလေ"

"ဘာဖြစ်လို့ နီးစပ်ခွင့်မရှိရမှာလဲ မြစိမ်းရယ်။ ကိုယ်တို့နှစ်ယောက်အတူတူနေကြမယ်လေ။ မြစိမ်းရဲ့ မိဘတွေကို ကိုယ်လိုက်ပြောမယ်။ ဖြစ်လာသမျှ ကိုယ်တို့ရဲရဲရင်ဆိုင်ကြမယ်လေနော် မြစိမ်း"

သူက လေးနက်ပြတ်သားစွာပြောတော့ မြစိမ်းက စိတ်ထိခိုက်ဟန်ဖြင့် ခေါင်းကိုတွင်တွင်ယမ်းကာ ပြောလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ပါဘူးရှင်။ ကျွန်မပြောခဲ့သားပဲ ကျွန်မတို့ ကိစ္စလူတွေ မသိပါစေနဲ့ဦးလို့လေ။ ခုတော့ လူတွေသိသွားပြီမို့ ကျွန်မတို့တွေခွဲရတော့မယ်"

မြစိမ်းရဲ့ စကားက သူ့နားထဲ သံရည်ပူတွေလောင်းထည့်လိုက်သလိုပါပဲ။ နှလုံးသွေးတွေ ပွက်ပွက်ဆူလာပြီး ဒေါသတရားက ငုန်းခနဲခုန်ကြွလာ၏။

"မင်းဘာတွေပြောနေတာလဲ ဟင် မြစိမ်း ငါဘာမှ နားမလည်နိုင်တော့ဘူး။ မင်းမှာလူသိမခံချင်တဲ့ ကိစ္စဘာတွေရှိနေလို့လဲ။ ဘာလဲ မင်းက ရာဇဝတ်ဘေးပြေးနေရတဲ့သမို့လို့လား။ ဒါမှမဟုတ် လူသားမျိုးနွယ်မဟုတ်တဲ့ နတ်ဒေဝတာမို့လို့လား ပြောပါဦး"

မြစိမ်း၏ ပုခုံးနှစ်ဘက်ကို ကိုင်လှုပ်ကာမေးပေါက်ပေါက်ကွဲကွဲ မေးမိသည်။

"ဟင့်အင်း မသိချင်ပါနဲ့ရှင်...မသိချင်ပါနဲ့"

မြစိမ်းက တုန်လှုပ်ထိတ်လန့်စွာ ဗလုံးဗထွေးပြောရင်း ဟီးခနဲငိုချလိုက်၏။



အိမ်ပြင်ဘက်တွင် လကကြည်လင်စွာ တောက်ပနေ၏။ အိမ်တွင်းတွင်ကား တစ်ယောက်က မတ်တတ်ရပ်ခါးထောက်ကာ ဒေါသတွေကြီးပေါက်ကွဲနေ၏။

တစ်ယောက်က ခေါင်းငိုက်စိုက်ချကာ တုန်လှုပ်သည်းထန်စွာ ငိုကြွေးနေလေ၏။

ဒီညအဖို့တော့ သူတို့အတွက် ကြေကွဲဝမ်းနည်းမှုအပေါင်းနှင့် ပြည့်နှက်နေသည့် လမိုက်ညပါပေဟည်း။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

အချိန်တော်တော်ကြာလာသည်အထိ သူတို့နှစ်ဦး တစ်ဦးကို တစ်ဦး စကားမဆိုမိကြ။ အဘွေးကိုယ်စီဖြင့် ငြိမ်သက်တိတ်ဆိတ်နေမိကြသည်။

ပြတင်းတံခါးကိုဖွင့်ကာ အိမ်ပြင်ဘက်သို့ ကံထူးငေးကြည့်နေမိသည်။ အပြင်ဘက်တွင် လကထိန်လင်းအောင် သာနေသည်။ လေပြည်ညှင်းညှင်းက တနွဲ့နွဲ့ တိုက်ခတ်လျက်ရှိသည်။



အေးမြသော လေပြည်၏အထိအတွေ့က သူ့ရင်တွင်းက အပူမီးကို တစိုးတစိလေးတောင် မအေးမြစေနိုင်ခဲ့ပေ။

ဘယ်လောက်ကြေကွဲရ ကောင်းလိုက်ပါဘိသနည်း။ သူချစ်ရသော မိန်းကလေးက သူ့ကိုထားသွားတော့မယ်တဲ့လေ။ နောင်တစ်ရားတွေနှင့် တစ်သက်လုံးဖြေမဆည်နိုင်အောင် နာကျင်ကြေကွဲစေဖို့ ကံကြမ္မာက စေညွှန်းလာခဲ့ပြီ။

ကြေကွဲဝမ်းနည်းရုံကလွဲပြီး သူဘာမှမတတ်နိုင်တော့။ လှုံ့ဆော်နိုင်လွန်းသည့် မျှမြစိမ်းကိုလည်း အပြစ်မတင်ရက်ပေ။ ချစ်စိတ်တစ်ခုဖြင့်သာ အရာရာ ရင်ဆိုင်လက်ခံနိုင်ဖို့ အသင့်ပြင်ထားမိတော့သည်။

ငြိမ်သက်တိတ်ဆိတ်နေသော အခန်းလေးအတွင်း၌ လှုပ်ရှားသံသဲ့သဲ့ထွက်ပေါ်လာ၏။

မြစိမ်းသည် သူ့အနီးသို့ လျှောက်လာခြင်းဖြစ်သည်။ သူ့ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ကာ လက်အုပ်ချီမိုး၍ သူ့ကိုမော့ကြည့်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ရှင်ဟာကျွန်မရဲ့ ခင်ပွန်းပါပဲ။ ကျွန်မရှင့်အပေါ် အပြစ်ကျူးလွန်ခဲ့တာရှိရင် ဦးချပြီး တောင်းပန်ပါတယ် ခွင့်လွှတ်ပါနော်"

တုန်ရင်ကြေကွဲသောအသံဖြင့် တီးတိုးဆိုရင်း မြစိမ်းသည် သူ့ကို ရှိရှိကျိုးကျိုးလေး ဦးချကန်တော့နေ၏။

သူ့စိတ်တွေ ဘယ်လိုမှ တင်းမထားနိုင်တော့၊ မြစိမ်း၏ လက်နှစ်ဖက်ကို ကပျာကယာဆုပ်ကိုင်ရင်း ပြောမိသည်။

"ခွင့်လွှတ်ပါတယ် မြစိမ်းရယ်။ ကိုယ် မင်းကိုအပြစ်မမြင်ပါဘူးကွယ်"

"ကျွန်မအကြောင်းတွေ ရှင့်ကိုမပြောပြနိုင်တာလဲ နားလည်ပေးပါနော်"

မြစိမ်းက မျက်နှာအောက်ချ၍ ဆိုသည်။ သူသက်ပြင်းမောကို ခပ်လေးလေးချလိုက်မိ၏။

"ဘယ်တတ်နိုင်မလဲလေ။ ပြောလို့မဖြစ်တဲ့ကိစ္စပဲ ကိုယ်နားလည်ပါတယ်"



မြစိမ်းကို ရင်ခွင်ထဲဆွဲသွင်းကာ ခပ်တင်းတင်းပွေ့ဖက်ထားမိသည်။

ဖြစ်နိုင်ရင် ဒီလိုပဲ သူ့ရင်ခွင်ထဲမှာ တစ်သက်လုံးနေလိုက်ပါတော့လားကွယ်"

"ခဏနေကျရင် သူတို့ကျွန်မကို လာခေါ်ကြတော့မယ်"

"ဘာ…ဘာပြောတယ်"

သူရုတ်တရက် လန့်အော်မိသွားသည်။ မြစိမ်းကို သူ့ရင်ခွင်ထဲမှ ခွာ၍ ထိတ်လန့်တကြားမေးမိသည်။

"ဘယ်သူတွေလဲ။ ဘယ်သူတွေလာခေါ်ကြမှာလဲဟင်"

"လာခေါ်တဲ့သူတွေ ဘယ်သူဆိုတာလဲ ရှင်သိဖို့မကြိုးစားပါနဲ့ ကျေးဇူးပြုပြီးတော့ မတားဆီးပါနဲ့လားရှင်"

မြစိမ်းက သံပြတ်ဖြင့် ခပ်ဖြည်းဖြည်းပြောသည်။ အံ့သြနားမလည်နိုင်စွာ သူထပ်မေးမိသည်။

"ဘာဖြစ်လို့လဲဟင်"

"ရှင့်အတွက် အန္တရာယ်ရှိလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ခဏတော့ သူတို့တိတ်ဆိတ်သွားကြသည်။ ထို့နောက် မြစိမ်းက သူ့လက်များကို ခပ်ဖွဖွလှမ်းကိုင်လာ၏။

"ကျွန်မဟာ ရှင်ရဲ့ဇနီးလိမ္မာလေးမမြစိမ်းနွယ်အဖြစ်နဲ့ပဲ ရှင်နားလည်သဘောပေါက်တာမျိုးကို လိုချင်တယ်"

"ကျွန်မရဲ့ဘဝအမှန်ကိုသိပြီး ရှင်အမြင်တွေပြောင်းသွားမှာကို မလိုချင်ဘူး ကျွန်မကို ကတိပေးပါလားရှင်။ ကျွန်မကို လာခေါ်တဲ့ သူတွေကို ရှင်မကြည့်ဘူးလို့။ ဒီကတိမျိုးတောင်းရတာ ကျွန်မတို့ နှစ်ယောက်စလုံးအတွက်ပါ။ ရှင်အချစ်တွေမပြောင်းလဲအောင် ကျွန်မ တစ်သက်လုံး ရှင့်ကို ယုံကြည်စွာ ချစ်နေခွင့်ရအောင်လို့ပါ။ အဲဒီကတိ ကို ရှင်ပေးပါလားဟင်"

သူ့စိတ်ထဲ ဝမ်းနည်းမှုကသာ ကြီးစိုးလျက်ရှိနေပြီး သူဘာမှ ကို မငြင်းဆန်ချင်တော့။ ချစ်သူအလိုကျ လိုက်လျောမိခဲ့သည်။

"ပေးပါတယ်ကွာ ကတိပေးပါတယ်။ ကိုယ်လုံးဝ မကြည့် ပါဘူး"

ငိုသံပါကြီးဖြင့် သူပြောလိုက်မိသည်။



အဲသည်နောက် သူငိုသည်။ သို့သော် ငိုသည့်ကိစ္စကို ဘာမှ ပြောစရာမလိုပါ။ အကြောင်းမူ သူတို့နှစ်ယောက်လုံးအတူ ငိုနေကြပြီ ဖြစ်သောကြောင့်ပါတည်း။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com



အကြိမ်တစ်ရာမက တတွတ်တွတ်ပြောနေမိသည်။

တိတ်ဆိတ်ငြိမ်သက်လှသည့် နောက်ဆုံးချိန်လေး။ ရင်ခွင်တစ်ခုလုံး ဖွင့်ဟာသွားသလို ခံစားချက်က ပြင်းထန်လှသည်။ ဘယ်လောက်များ ကြေကွဲစရာကောင်းလိုက်ပါသနည်း။ ဘာလို့များဒီလိုအဖြစ်အပျက်တွေ ကြုံဆုံစေခဲ့ရတာလဲ။

သည်အဖြစ်မျိုးသည် အခိုက်အတန့်မျိုးဖြစ်နိုင်လျှင် ရှောင်ကွင်း၍ ထားခဲ့ချင်သည်။

သို့သော် ရှောင်ရှား၍မရနိုင်သောအဖြစ်အပျက်ကို သူတို့ကြုံတွေ့ဖြတ်သန်းရပေလိမ့်မည်။

ထိုအခိုက် ခပ်ဖွဖွခြေသံများကို ကြားလိုက်ရပြီး အိမ်ရှေ့တံခါးကို ပုတ်သံခြောက်ချက်ကြားရ၏။

"ဟော...သူတို့လာခေါ်နေကြပြီ"

မြစိမ်းက အထိတ်တလန့်လေးဆိုရင်း ရင်ခွင်ထဲမှ ရုန်းထွက်သွားသည်။

အခန်း (၂၁)

နောက်ဆုံးညဟူသော အသိက သူ့ရင်ကိုပြင်းပြစွာ ပူဆွေးလောင်မြိုက်စေ၏။

နှလုံးအိမ်တစ်ခုလုံးလဲ ကြေကွဲဝမ်းနည်းမှုတွေဖြင့် တင်းကျပ်ခဲဆို့နေသည်။

မြစိမ်းကို သူ့ရင်ခွင်ထဲက လွတ်ထွက်မသွားအောင် တင်းတင်းကျပ်ကျပ်ပွေ့ဖက်ထားရင်းက 'ချစ်တယ်' ဟူသော စကားကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို လာခေါ်နေကြပြီ ကျွန်မသွားရတော့မယ်။ ကျွန်မ မရှိလဲ ကိုယ့်ကိုကိုယ် ဂရုစိုက်နေပါနော်။ မစားမသောက်ပဲ မနေပါနဲ့ ကျွန်မကိုချစ်ရင် ကျွန်မပြောတဲ့စကားနားထောင်နော်"

သူခေါင်းကို အသာအယာညိတ်ပြမိသည်။ ဆို့နစ်ကြေကွဲနေ၍ ဘာစကားမှ မဆိုနိုင်တော့။

"ကျွန်မကို စောင့်နေပါ။ အခါအခွင့်သင့်ရင် ကျွန်မပြန်လာခဲ့ပါမယ်။ ကံမကုန်သေးရင်တော့ ပြန်ဆုံကြသေးတာပေါ့နော်"

ခေါင်းကိုသာ တွင်တွင်ညိတ်နေမိသည်။

"ကျွန်မကို ချစ်နေပါနော်"

မြစိမ်းပြောရင်းက ရုတ်တရက် သူ့ကိုလှမ်းဖက်ပြီး နမ်းလိုက်၏။ မြန်းကနဲရင်လှိုက်ဖိုသွားမိကာ သူမျက်ဝန်းမှ မျက်ရည်များ ပေါက်ခနဲစီးကျလာ၏။

ခုချက်ချင်း သူရူးသွားရင်လဲကောင်းသား ဒါဆိုဘာမှ သိနိုင်တော့မည်မဟုတ်။ ဒီလောက်ခံစားရလိမ့်မည်လည်း မဟုတ်ပေ။ သူမျက်လုံးများကို မှေးမှိတ်ထားလိုက်မိသည်။



ခယာနေတော့ မြစိမ်းက သူနားနား၊ကပ်ကာ မြစိမ်းခပ်တိုးတိုးပြော၏။

"ကျွန်မကို ပေးထားတဲ့ကတိအတိုင်း တည်ပေးပါနော်"တဲ့

သူခေါင်းကို အသာညိတ်ပြရင်း

"စိတ်ချပါ ကတိတည်စေရပါမယ်။ ကတိဖောက်ဖျက်မိလို့ ဘဝနဲ့ရင်းပြီး နောင်တရခဲ့ပြီးပြီပဲ။ နောက်တစ်ခါ ကတိပျက်မှာ ကိုယ်ကြောက်နေပါပြီ"

ဟု သူက ကြေကွဲလှိုက်လှဲစွာပြောတော့ မြစိမ်းဝံမှ အင့်ခနဲ ရှိုက်သံတစ်ချက်ထွက်လာသည်။ အသာနားစွင့်ကြည့်မိသော်လည်း နောက်ထပ်ဘာစကားမှ ယပ်မကြားရတော့။

ထို့နောက် လှုပ်ရှားသံနှင့်အတူ ခြေသံခပ်ဖွဖွကြားရ၏။ သူ့ကိုထားကာ မြစိမ်းထွက်သွားလေပြီ။

အိမ်ရှေ့တံခါးဖွင့်သံကြားရသည်။ ပြီးနောက် အိမ်အောက်ဘက်သို့ လျှောက်သွားသည့်အသံ။

www.burmeseclassic.com

www.burmeseclassic.com



တအောင့်ကြာသည်အထိ မျက်လုံးမဖွင့်ပဲ အသာငြိမ်သက်နေမိသည်။

နောက်ထပ်လှုပ်ရှားသံများ ထပ်မကြားရတော့မှ မျက်လုံးဖွင့်ကြည့်မိသည်။

တိတ်ဆိတ်သောအမှောင်ယံ၌ သူတစ်ယောက်တည်း နေရာမှ ဝုန်းကနဲခုန်ထကာ အိမ်ရှေ့တံခါးဆီသို့ အပြေးအလွှား သွားကြည့်မိသည်။

မရှိတော့။ ဘာမှမရှိတော့။ မမြစိမ်းနှယ်လဲ မရှိတော့။ လရောင်အောက်တွင် အဝေးကလမ်းကလေးအထီးကျန်စွာ ငြိမ်သက်လျက် ကျန်ရစ်ခဲ့လေပြီ။

□ □ □

## အခန်း (၂၂)

နောက်ရက်သတ္တပတ် အနည်းငယ်ကြာသည့်အခါ ကံထူး၏ အိမ်သို့ ညီဝမ်းကွဲတော်စပ်သူ ဖိုးကောက်ရောက်ရှိလာခဲ့၏။

"ဘာလဲ မင်းအမေဆုလိုက်ပြန်ပြီလား"

ဟု ကံထူးက လှမ်းမေးတော့ ဖိုးကောက်က မှုန်တည်တည် မျက်နှာထားဖြင့်

"ဟုတ်တယ်ဗျ။ အမေတို့ကလဲ ကိုယ်မွေးထားတဲ့သားသမီးကို ဘာလို့ဒီလောက်နှိမ်ချင်နေသလဲမသိပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပြောစမ်းပါဦး မင်းရဲ့မကျေမနပ်ချက်တွေ"

"ဒီလိုဗျ အစ်ကိုရ ကျွန်တော့်ကိုဆို လက်ကြောမတင်းဘူး။ ပျင်းတယ်လေ။ ဘာမှသုံးစားလို့မရဘူးတဲ့ လူရှေ့ရောက်တိုင်း အဲဒီလို ပြောပြောနေတာ။ အမေခိုင်းရင် ကျွန်တော်မလုပ်ပေးတာ ဘယ်နှစ်ခါ များရှိလို့လဲ ဒါတောင်မှ အပြောအဆိုက မလွတ်ဘူး။ စိတ်ညစ်တယ်ဗျာ"

"အောင်မယ်မင်းက အလုပ်တစ်ခါခိုင်းရင် တစ်ခါတည်း အပြီးသတ်လုပ်ပေးဖို့လား အပြောခံရတာတောင် နည်းသေးတယ်"

"ဟာဗျာ အစ်ကိုကလည်း အစ်ကိုဆီလာတာ နားအေးမလား လို့ အစ်ကိုကပါ ဗျစ်တောက်ဗျစ်တောက်နဲ့"

"အေးပါ မပြောတော့ပါဘူး ငါ့အိမ်မှာ မင်းစိတ်အေးချမ်းသလိုနေ ဟုတ်ပြီလား"

ဖိုးကောက်က သဘောကျစွာ တဟင်းဟင်းရယ်မောရင်း

"အစ်ကိုရေ ထမင်းရှိသေးလားဗျ။ ကျွန်တော်ဗိုက်ဆာလို့"

"ရှိပါတယ်ဗျာ၊ မောင်မင်းကြီးသား အိမ်နောက်ဖေးမှာ



ကိုယ်ဘာသာကိုယ်သွားခူးစားချေ"

ဖိုးကောက်က သွက်လက်စွာ အိမ်နောက်ဖေးသို့ ပြေးဝင်သွားသည်။ တအောင့်ကြာတော့ အပြေးအလွှားထွက်လာပြီး

"အစ်ကိုရေ ဟိုတစ်ခါတုန်းကတွေ့ခဲ့တဲ့ သစ်သီးလေးရော ဘယ်မှာလဲ မတွေ့ပါလား"

"ဘာသစ်သီးလဲကွ"

"မိန်းမပုံသစ်သီးလေးလေ"

"ဟင်"

ဖိုးကောက်ပြောမှ သူ့စိတ်ထဲပြန်၍ သတိရလာမိသည်။ မေ့နေလိုက်တာ သူကောက်ရခဲ့သည့်အသီးလေးပဲ။ ဘယ်မှာထားမိမှန်းတောင်မသိတော့။

"ဟုတ်လား ငါလဲ အမှတ်တမဲ့နဲ့ ဘယ်မှာထားမိမှန်းမသိတော့ပါဘူးကွာ"

"ကျွန်တော် နောက်ဖေးက စင်ကလေးပေါ်မှာ သေသေချာချာတင်ထားခဲ့တာ အစ်ကိုရ အခုမတွေ့တော့ဘူး"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား ငါလဲမကိုင်မိပါဘူး သေချာရှာပါဦး"

"ဟုတ်တယ်အစ်ကိုရ မတွေ့တော့ဘူး မယုံရင်လာရှာကြည့်"

ထို့နောက် သူတို့နှစ်ယောက် ထိုသစ်သီးလေးအသည်းအသန် လိုက်ရှာမိကြသည်။ အံ့ဩစရာကောင်းလှသည်။

မိန်းမပုံသစ်သီးလေးမှာ မမြစိမ်းနွယ်နှင့်အတူ ထူးခြားစွာ ပျောက်ဆုံးသွားခဲ့လေပြီတကား။

□ □ □

BURMESE CLASSIC .com

## အခန်း (၂၃)

တစ်ညတော့ ပြတင်းတံခါးကို ဖွင့်ရင်းအပြင်လောကကို သူငေးရင်းတွေးမိသည်။

ဖခင်တွေ၊ အမှတ်ရမှုတွေ၊ အဖြေမပေါ်သော မေးခွန်းတွေနှင့် ရစ်ပတ်နှောင်ဖွဲ့နေရင်း အချိန်တို့တရွေ့ရွေ့ကုန်လွန်ဖြတ်သန်းလာခဲ့မိသည်။

သည်ကမ္ဘာလောကကြီး၏ သဘောသဘာဝဆိုတာတွေလည်း သူနားမလည်ပါ။ မြင်ယောင်မှန်းဆမရနိုင်လောက်သော

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းအတာအထိ ကြီးကျယ်ခမ်းနားလှသည့် ထူးဆန်းအံ့ဩမှုတွေနှင့် ပြည့်နှက်နေသည့်ဆိုတာလောက်သာ သူသိသည်။

ပြတင်းတံခါးမှ လေညှင်းကလေးများတိုးဝင်၍ လာသည်။ လေညှင်းကလေးများမှတဆင့် အမှာစကားတစ်ခွန်း သူတိတ်တခိုးပါးလိုက်မိသည်။

“မမြစိမ်းနှယ် ငါမင်းကို ချစ်နေမယ်။ မင်းပြန်လာမဲ့အချိန်ကို မျှော်ရင်းနဲ့ အချစ်တွေနဲ့အတူ ရှင်သန်နေပါ့မယ် မင်းကြားနိုင်ပါစေ”

လို့။ ကြည့်စမ်း…၊ ဘာ့ကြောင့် ‘ကြားနိုင်ပါစေ’လို့ သူပြောမိလိုက်ရပါသလဲ။ တစ်နေ့ရာကနေ သူကြားချင်ကြားနေမှာပါ။ ဟုတ်တယ်မဟုတ်လား၊ ဒါလည်း ဖြစ်နိုင်တာပဲ မဟုတ်လား။ သူကတော့ မလျှော့သေးဘူး။ နောက်ဆုံး…တဲ့အထိ။

□ □ □

**ဒဿူကျော်စွာ**

BURMESE CLASSIC .com

www.burmeseclassic.com